ကြေးမုံ The Mirror

၁၃၆၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်၊ ကြာသပတေးနေ့၊ (3-1-2008) (၅၅၅၁)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆို

- ❒ **၂၀၀၇ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း ဆက်သွယ်ရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းမှုမှတ်တမ်း** စာမျက်နှာ (၇)
- ❒ နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့သည် ကိုယ့်လမ်းကိုယ်ထွင်၊ ကိုယ့်ခရီးကိုယ်နှင်ကာ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်သာဖြစ်ပါသည်။
  ငါးမင်းဆွေ၏ **"လွတ်လပ်ရေးကို သက်စွန့်ကြိုးပမ်းရယူပေးခဲ့ကြသူများ၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေပါလျှင်"** (ဆောင်းပါး) စာမျက်နှာ (၈၊၉)
- ❒ မောင်လှသိန်း(သတ္တုတွင်း)၏ **"ဒို့တိုင်းပြည်တွက်၊ ဒို့များဆက်၍ချီကြလော့"** (ကဗျာ) စာမျက်နှာ (၉)
- ❒ ကေတုနီလာ၏ **"ပြည်သူ့ဆန္ဒ"** (ကဗျာ) စာမျက်နှာ (၉)
- ❒ ကောင်းထက်၏ **"လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ ထာဝရတည်တံ့ဖို့"** (ကာတွန်း) စာမျက်နှာ (၉)

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ ပသိရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး သမိုင်းပေးတာဝန် ထမ်းဆောင်

လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ အစဉ်ထာဝရ တည်တံ့ခိုင်မြဲရေး သမိုင်းပေးတာဝန်ကို ထမ်းဆောင်ရာတွင် ကျွန်ုပ်တို့ တိုင်းရင်းသားပြည်သူအားလုံး၏ ရှင်သန်တက်ကြွသည့် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးသားရေးအားမာန်တို့ကို တိုးပွားစေလျက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို လက်တွဲညီညီ အားသွန်ခွန်စိုက် တာဝန်ယူ ဖော်ဆောင်သွားကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၃)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာမှ–

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံဘုရင်မင်းမြတ်ထံ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်ဂျ်၏ အစ်မတော် ထိုင်းမင်းသမီး ကလျာဏီပဋ္ဋနာ (**Her Royal Highness Princess Galyani Vadhana**) သည် ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် ကွယ်လွန်အနိစ္စရောက်သွားခြင်းအတွက် ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်ဂျ်ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)



နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆို ပသိ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲကျင်းပ ကရင်ပြည်နယ် သံတောင်မြို့နယ်သို့ ဓာတ်အားဖြန့်ဖြူးနိုင်

နေပြည်တော် ဇန်နဝါရီ ၂

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ပြီးစီးသွားသော ပသိရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီ ၁၀ မိနစ်တွင် ပဲခူးတိုင်း တောင်ငူမြို့နယ်ရှိ အဆိုပါစက်ရုံ၌ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၃-၁-၂၀၀၈
(ကြာသပတေးနေ့)

ကျေးလက်ဒေသဖွံ့ဖြိုးရေး အရှိန်အဟုန်မြင့် လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်

ကျေးလက်ဒေသများ၏ အခြေခံသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ရာ နိုင်ငံတော်က စိုက်ပျိုးရေနှင့် သန့်ရှင်းသော သောက်သုံးရေရရှိရေးအပါအဝင် စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနေသည်။ ကျေးလက်ပြည်သူများ၏ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်စေရန်လည်း အခြေခံအဆောက်အအုံများစွာကို တိုးမြှင့်တည်ဆောက်ပေးလျက်ရှိသည်။

ထို့အပြင် ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကအရေးပါသည့် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ရေးအတွက် ကျေးရွာချင်းဆက်လမ်းများ၊ ကျေးလက်နှင့် မြို့ပြဆက်သွယ်သည့်လမ်းများ၊ ခရိုင်ချင်းဆက်လမ်းများ တိုးချဲ့ဖောက်လုပ်ပေးနေသည်။ ကျောက်ချောလမ်းများ၊ ကတ္တရာလမ်းသစ်များအဖြစ်လည်း အဆင့်မြှင့်တင် ဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသည့်အနေဖြင့် ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့နယ် အောင်ဆန်းပြည်သာယာ ကတ္တရာလမ်းသစ်ဖွင့်ပွဲ၊ နဖားအင်း-ကြခတ် ကျေးလက်ကျောက်ချောလမ်းဖွင့်ပွဲ၊ စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ် ကံသာရွာ မူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ၊ နေပြည်တော်လယ်ဝေးမြို့နယ် ကျောက်တစ်လုံးကျောင်းစုကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံဖွင့်ပွဲ၊ ရန်ကုန်တိုင်း အင်းစိန်မြို့နယ် သီရိမင်္ဂလာလမ်း ဖူးကြီးရေဖွင့်ပွဲ စသည်တို့ကို ကျင်းပခဲ့သည်။

ကျေးလက်ဒေသများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် နိုင်ငံတော်နှင့်အတူ ပြည်သူများက ပူးပေါင်းကူညီပံ့ပိုးလျက်ရှိရာ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းတို့ရှိ ကျေးရွာပေါင်း ခုနစ်ထောင်ကျော်နှင့် အခြားသော ပြည်နယ်နှင့်တိုင်းများရှိ ရေခက်ခဲသော ကျေးရွာကိုးထောင်ကျော်တို့တွင် သောက်သုံးရေဖူလုံနေပြီဖြစ်သည်။

ကျေးလက်ဒေသများ ဖွံ့ဖြိုးလာခြင်းသည် မြို့ပြဒေသများဖွံ့ဖြိုးတိုးတက်ခြင်းနှင့် ဆက်စပ်လျက်ရှိရာ နိုင်ငံတော်၊ ဒေသခံပြည်သူများနှင့် စေတနာအလှူရှင်များ၏ ပူးပေါင်းပါဝင်ကြိုးပမ်းမှုဖြင့် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေး အပါအဝင် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍအလိုက် တစ်နေ့တခြား တိုးတက်ဖြစ်ထွန်းကာ ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာလျက်ရှိပါသည်။ ။

သန်လျင်မြို့နယ် အောင်ချမ်းသာရပ်ကွက်ရှိ မြို့ဦးစက်ပစ်ကွင်းကျောင်းတိုက်ကြီးအတွင်း ဆောက်လုပ်လျက်ရှိသော ဇေယျာသုခမင်္ဂလာ ဗိမာန်နှစ်ထပ်ကျောင်းတော်ကြီးအတွက် ဒီဇင်ဘာ ၄ရက်က ဗိုလ်မှူးကြီး လှိုင်ထွန်း(ငြိမ်း)-ဇနီး ဒေါ်ညိုညို အင်းယားမြိုင် ရန်ကုန်မြို့မိသားစုတို့က မြို့ဦးစက်ပစ်ကွင်းကျောင်းတိုက် ပဓာနနာယက ဆရာတော်၊ မြို့နယ်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဘဒ္ဒန္တတေဇထံ အလှူငွေကျပ် ငါးသိန်း ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အဘိဓမ္မာ(၇)ကျမ်း စာအောင်ဆုနှင်းသဘင်

ရန်ကုန် ဇန်နဝါရီ ၂

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ အကြိမ်(၄၀)မြောက် အဘိဓမ္မာ(၇)ကျမ်း စာအောင်ဆုနှင်းသဘင်ကို ၁၃၆၉ခုနှစ် ပြာသိုလဆန်း ၁၃ရက် ဇန်နဝါရီ ၂၀ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီခွဲတွင် ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းအမှတ်(၄၉-၅၁)ရှိ အဘိဓမ္မရတနာဃရ အဘိဓမ္မာ ဓမ္မဗိမာန်တော်ကြီး၌ ကျင်းပမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(ကြေးမုံ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ရခိုင်ပြည်နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရခိုင်ပြည်နယ်တာဝန်ခံ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင်၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၂၄ ရက်က တောင်ကုတ်မြို့နယ် ကမ်းဒေးကျေးရွာ ကျေးလက်ဌာနခွဲ ရုံးအဆောက်အအုံ ဆောက်လုပ်ပြီးစီးမှုအခြေအနေနှင့် တဲမောက်ကျေးရွာ၌ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ကြီးကြပ်မှုဖြင့် ဆောက်လုပ်လှူဒါန်းသော တဲမောက်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့သည် တောင်ကုတ်မြို့နယ်ခန်းမ၌ ပြုလုပ်သော တွေ့ဆုံပွဲနှင့် အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးတို့က အမှာစကား ပြောကြားကြသည်။

ပေးအပ်

ဆက်လက်၍ အလှူငွေပေးအပ်ပွဲကို ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ အရင်းမပျောက် မတည်ငွေကျပ် ငါးသိန်း၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၊ မြို့နယ်ကြက်ခြေနီအသင်းနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့တို့အတွက် ငွေကျပ် တစ်သိန်းစီ၊ ငမောက်ချောင်းတံတားနှင့် မောင်းချောင်းတံတား ပြုပြင်ရန်အတွက် ငွေကျပ် ငါးသိန်းစီတို့ကို ပေးအပ်သည်။

လှူဒါန်း

ထို့နောက် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးတို့သည် တောင်ကုတ်မြို့နယ် လမူးမော် တိုက်နယ်ဆေးရုံသို့ ရောက်ရှိကြ၍ ခွဲစိတ်ဆောင်ဆောက်လုပ်နေမှု အခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးကြပြီး တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့က ဆေးရုံဆေးပဒေသာပင်အတွက်ငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ အခြေအနေတို့နှင့်စပ်လျဉ်း၍ တင်ပြကြရာ တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့က ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးကြပြီး ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ အရင်းမပျောက် မတည်ငွေကျပ်ငါးသိန်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၊ မြို့နယ်ကြက်ခြေနီအသင်းနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့တို့အတွက် ငွေကျပ် တစ်သိန်းစီတို့ကို ပေးအပ်လှူဒါန်းသည်။

အမှာစကားပြောကြား

ထို့နောက် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးတို့သည် ရမ်းဗြဲမြို့သို့ ရောက်ရှိကြပြီး ခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ အတွင်းရေးမှူးများ၊ စည်းရုံးရေးမှူးများ၊ အသင်းဝင်များနှင့် တွေ့ဆုံကြပြီး ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားသည်။

တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးတို့သည် ဒီဇင်ဘာ ၂၅ ရက်တွင် ရမ်းဗြဲမြို့နယ်ခန်းမ၌ ကျင်းပသော ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားကြသည်။

ပေးအပ်

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ တို့သို့ အရင်းမပျောက် မတည်ငွေကျပ် ၁၀ သိန်းစီ၊ မြို့နယ် မီးသတ်တပ်ဖွဲ့နှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့တို့အတွက် ငွေကျပ်တစ်သိန်းစီ၊ မြို့နယ်ဆေးရုံအတွက် ငွေကျပ် ၁၀ သိန်းနှင့် ငွေကျပ် ၄၂သိန်း တန်ဖိုးရှိ အဝတ်အထည်မျိုးစုံ၊ အထည် ၁၂၀၀၊ ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၁၀၀ နှင့် ကျေးရွာစာကြည့်တိုက်များသို့ ဂျာနယ်၊ စာစောင်များကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးဌာန ဌာနကြီးမှူး ဒေါ်မြသီဂိက မြို့နယ်အမျိုးသမီးရေးရာအဖွဲ့သို့ ငွေကျပ်တစ်သိန်းနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ပေးပို့လှူဒါန်းသော အမျိုးသမီးရေးရာဝတ်စုံ ၁၀ စုံ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ ငွေကျပ်တစ်သိန်း၊ ပုလုပ်တောင် အခြေခံပညာအလယ်တန်းကျောင်းသို့ ငွေကျပ်နှစ်သိန်း တန်ဖိုးရှိ ၂၁ လက်မ ရောင်စုံရုပ်မြင်သံကြားစက်တစ်လုံးတို့ကို ပေးအပ်လှူဒါန်းသည်။

(သတင်းစဉ်)

ပြည်တွင်းအခွန်များဦးစီးဌာန စာရေးဝန်ထမ်း အရည်အချင်းမြှင့် မွမ်းမံသင်တန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၂

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန စာရေးဝန်ထမ်း အရည်အချင်းမြှင့် မွမ်းမံသင်တန်းအမှတ်စဉ် (၂/၂၀၀၇) သင်တန်းဖွင့်ပွဲအခမ်းအနားကို ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၃၁ရက် နံနက် ၉နာရီတွင် ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းအခွန်များဦးစီးဌာန၊ သင်တန်းခန်းမ၌ ကျင်းပရာ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်း တက်ရောက် အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

သင်တန်းဖွင့်ပွဲသို့ ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊လက်ထောက်ညွှန်ကြားရေးမှူးများနှင့် သင်တန်းသား၊ သင်တန်းသူ ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

သိမ်ကျောင်းတော်ကြီး တည်ဆောက်ရေးလှူဒါန်းနိုင်

ရန်ကုန် ဇန်နဝါရီ ၂

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ဆင်စခန်းအုပ်စု အုန်းခြံအနီး အစိုးရ ဓမ္မာစရိယ ဘဒ္ဒန္တကုသလ တည်ထောင်ဆောက်လုပ် အုပ်ချုပ်အပ်သော သစ္စာမဏ္ဍိုင် အေးငြိမ်းချမ်းသာ ဓမ္မရိပ်သာ အတွင်း၌တည်ဆောက်မည့် သိမ်ကျောင်းတော်ကြီးအတွက် အလှူငွေများ လိုအပ်လျက်ရှိရာ လှူဒါန်းလိုပါက ဖုန်း-၀၁-၃၈၂၇၅၆ သို့ ဆက်သွယ်နိုင်ကြောင်းနှင့် ရေအိမ်၊ ရေချိုးခန်း၊ မဟာရံတံတိုင်း တစ်ခန်းလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် မည်သူမဆို လှူဒါန်းနိုင်ကြပါရန် နိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

နေပြည်တော် လယ်ဝေး ပါရမီသွေးလှူရှင်များအသင်း ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂

နေပြည်တော်လယ်ဝေး ပါရမီသွေးလှူရှင်များအသင်း ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲနှင့် သွေးလှူရှင်များအား ဂုဏ်ပြုပွဲကို ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၃၀ရက် နံနက်ပိုင်းတွင် နေပြည်တော်လယ်ဝေး အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမြို့မ ရွှေရတုခန်းမ၌ ကျင်းပရာ ပါရမီ သွေးလှူရှင်များအသင်းအတွက် အလှူရှင်များက အလှူငွေကျပ် နှစ်သိန်းငါးသောင်းငါးထောင်ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပါရမီသွေးလှူရှင်များအသင်းဥက္ကဋ္ဌက သွေးလှူရှင်များအား ဂုဏ်ပြုလက်ဆောင်များကို ပြန်လည်ပေးအပ်သည်။

နေပြည်တော်လယ်ဝေး ပါရမီသွေးလှူရှင်များအသင်းသည် သွေးသွင်းကုသရန် လိုအပ်သော လူနာရှင်များအတွက် သွေးများကိုလှူဒါန်းလျက်ရှိရာ ၂၀၀၆ ခုနှစ် ဩဂုတ်မှ ၂၀၀၇ ခုနှစ် ဒီဇင်ဘာအထိ သွေးပုလင်းပေါင်း ၇၅၅ လုံး လှူဒါန်းနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ သွေးလိုအပ်သော လူနာများအနေဖြင့် ပါရမီသွေးလှူရှင်များအသင်း နေပြည်တော် လယ်ဝေးသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပသိရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

☆ **ရွှေဖုံးမှ**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပဲခူးတိုင်းတာဝန်ခံ၊ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပသိရေအားလျှပ်စစ်စီမံကိန်းမှ စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာမှူးကြီးနှင့် တာဝန်ရှိသူများ၊ တောင်ငူခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ပတ်ဝန်းကျင်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဘင်ခရာ၊ ပန်းဖွား၊ ကရင်ဒုံးယိမ်းအကနှင့် ရှမ်းအိုးစည်အက အဖွဲ့ဝင်များ၊ မင်္ဂလာစည်တော်အဖွဲ့နှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပသိရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားကို စက်ရုံရှေ့ရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက အဖွင့်အမှာစကားပြောကြားရာတွင် ပသိရေအားလျှပ်စစ်စက်ရုံသည် ပဲခူးတိုင်း တောင်ငူမြို့နယ် တောင်ငူမြို့၏ အရှေ့မြောက်ဘက် ၁၀မိုင်ခန့်အကွာ ငွေတောင်လေးကျေးရွာအနီး ပသိချောင်းကိုပိတ်၍ တည်ဆောက်ပြီးစီးထားသော ပသိရေလှောင်တမံမှ ဆည်ရေကို အသုံးပြုရန်ရည်ရွယ်တည်ဆောက်ထားသည့် ရေအားလျှပ်စစ်စီမံကိန်းဖြစ်ကြောင်း၊ **ပသိရေလှောင်တမံကို ၁၉၉၇ခုနှစ် ဖေဖော်ဝါရီ ၁၅ရက်တွင် ပြီးစီးခဲ့သဖြင့် ရေလှောင်တမံဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၈ရက်တွင်ကျင်းပခဲ့ပြီး အဆိုပါအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေကိုယ်တိုင် တက်ရောက်အားပေးချီးမြှင့်ခဲ့ကြောင်း၊** စီမံကိန်း၏ ဒုတိယအဆင့် ရေအားလျှပ်စစ်ကဏ္ဍကို အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဆက်လက်လိုက်ပါဆောင်ရွက်ခဲ့သဖြင့် ယနေ့ နယ်မြေဒေသ၏ လျှပ်စစ်လိုအပ်ချက်ကို လက်တွေ့အကောင်အထည်ဖော် ဖြည့်ဆည်းနိုင်ခဲ့ပြီဖြစ်ကြောင်း။

ပသိရေလှောင်ကန်အတွင်း နှစ်စဉ်ပျမ်းမျှစီးဝင်ရေ ပမာဏမှာ တစ်နှစ်ပတ်လုံး ဓာတ်အားထုတ်လုပ်နိုင်ရန်လိုအပ်ရေ အလုံအလောက်ရှိသည့် ရေအားလျှပ်စစ်စီမံကိန်းဖြစ်ကြောင်း။

ကရင်ပြည်နယ်အတွင်းမှ မြစ်ဖျားခံစီးဆင်းခဲ့သည့်၊ ပသိချောင်းကိုပိတ်၍ တည်ဆောက်ခဲ့သည့် ရေလှောင်တမံသိုလှောင်ရေများကို အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ တိုင်းရင်းသားညီအစ်ကိုများအပေါ် ထားရှိသည့် စိတ်စေတနာမွန်ဖြင့် လမ်းညွှန်ချက်အရ ကရင်ပြည်နယ်၊ သံတောင်ကြီးနှင့် သံတောင်သစ်မြို့တို့သို့ သီးသန့် ၃၃ ကေဗွီဓာတ်အားလိုင်းစနစ်ဖြင့် ပို့လွှတ်ဖြန့်ဖြူးပေးနိုင်သည်မှာ များစွာ ဂုဏ်ယူဖွယ် ဖြစ်သည်ဟု ပြောကြားလိုကြောင်း၊ ကရင်ပြည်နယ်အတွင်းမှ စီးဆင်းလာသော ပသိရေကို အသုံးချ၍ ကရင်ပြည်နယ်အတွင်းသို့ ဓာတ်အား ပို့လွှတ် ဖြန့်ဖြူးနိုင်ခြင်းသည် တိုင်းရင်းသားများ ချစ်ကြည်ရင်းနှီးမှု သရုပ်ကိုလည်း ဖန်တီးနိုင်ခဲ့သည်ဟု ပြောကြားလိုကြောင်း။

ပသိရေလှောင်တမံသည် ယခုအခါ လယ်မြေဧရိယာ ဧက ၃၀၀၀ပေါ်တွင် သီးနှံဧရိယာ ဧက ၄၀၀၀ ကိုသာ စိုက်ပျိုးရေပေးနိုင်ရုံသာမကဘဲ ရေအားလျှပ်စစ် တပ်ဆင်စက်အင်အား(၂) မဂ္ဂါဝပ် ကီလိုဝပ်၂၀၀၀ ဖြင့် ဓာတ်အားထုတ်လုပ်နိုင်မည်ဖြစ်၍ ဘက်စုံစီမံကိန်းဝင်တစ်ခုအဖြစ် ခေါ်ဆိုနိုင်ပါကြောင်း။

ပဲခူးတိုင်းသည် ရေအားလျှပ်စစ်အရင်းအမြစ်များ ပေါကြွယ်ဝသည့် တိုင်းတစ်တိုင်းဖြစ်သည့်အလျောက် စစ်တောင်းမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများကို အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အစီအရီပေါ်ပေါက်လာရေး ကြိုးပမ်းအားထုတ်ဆောင်ရွက်လျက်ရှိသည်ကို ပြောကြားလိုကြောင်း။

ပဲခူးတိုင်း ပဲခူးမြို့နယ် ဇောင်းတူရေအားလျှပ်စစ်စီမံကိန်း မဂ္ဂါဝပ် ၂၀၊ ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအနီး ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်း ၂၅ မဂ္ဂါဝပ်၊ တောင်ငူမြို့နယ် ငွေတောင်လေးကျေးရွာအနီး ပသိရေအားလျှပ်စစ်စီမံကိန်း ၂ မဂ္ဂါဝပ်တို့သည် ပြီးစီးထားသည့် စီမံကိန်းများဖြစ်ကြောင်း၊ ၎င်းအပြင် တည်ဆောက်ဆဲအုတ်တွင်းမြို့နယ် ခပေါင်းရေအားလျှပ်စစ် စီမံကိန်း မဂ္ဂါဝပ် ၃၀၊ တောင်ငူမြို့နယ် သောက်ရေခပ်(၂)စီမံကိန်း မဂ္ဂါဝပ် ၁၄၀၊ ဖြူးမြို့နယ် ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်း မဂ္ဂါဝပ် ၄၀၊ ဖြူးမြို့နယ်၊ ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်း မဂ္ဂါဝပ် ၆၀၊ ညောင်လေးပင်မြို့နယ်၊ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း ၇၅ မဂ္ဂါဝပ်တို့သည် တစ်ခုပြီးတစ်ခု ဓာတ်အားထုတ်လုပ်သည့်အဆင့် ဆက်တိုက်ထွက်ပေါ်လာမည့် စီမံကိန်းများဖြစ်ပြီး ခပေါင်းစီမံကိန်းက မကြာမီ ဖွင့်လှစ်နိုင်တော့မည့် ရေအားလျှပ်စစ်စီမံကိန်းတစ်ခုဖြစ်သည်ဟု ပြောကြားလိုကြောင်း၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သီးခြားတာဝန်ယူ ဆောင်ရွက်လုပ်ကိုင်လျက်ရှိသည့် ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်း၊ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း၊ သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်းတို့အနက် ကွန်းချောင်းနှင့် သောက်ရေခပ်(၂)စီမံကိန်း နှစ်ခုသည် စိုက်ပျိုးရေအတွက် ဆည်ရေပေးဝေနိုင်သည့် စီမံကိန်းများဖြစ်ကြကြောင်း၊ ရေအားလျှပ်စစ်စီမံကိန်းများကို နိုင်ငံတော်မှ ပြည်တွင်းသုံးငွေနှင့် နိုင်ငံခြားသုံးငွေအမြောက်အမြား အကုန်အကျခံကာ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်ရန်ဖြစ်သည်ကို သိရှိနားလည်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်သော ပသိရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းမှ ထိန်းသိမ်းမောင်းနှင်/ဓာတ်အားထုတ်လုပ်ပေးလျက်ရှိသည့်စက်ရုံ ၁၃ခုတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း။

စက်တစ်လုံးလျှင် (၁)မဂ္ဂါဝပ်ရှိသည့် စက်နှစ်လုံးတပ်ဆင်ထားပြီး စုစုပေါင်း စက်တပ်ဆင်အင်အား(၂)မဂ္ဂါဝပ်ရှိကြောင်း၊ ပသိရေအားလျှပ်စစ်စက်ရုံ၏ မြို့ပြဆိုင်ရာ တည်ဆောက်မှု၊စက်မှု/လျှပ်စစ်ပိုင်းဆိုင်ရာ တပ်ဆင်တည်ဆောက်မှုတို့ကို ရေအားလျှပ်စစ် ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ ၂၀၀၆ခုနှစ် ဒီဇင်ဘာတွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၀၇ ခုနှစ် ဒီဇင်ဘာတွင် စက်စမ်းသပ်လည်ပတ်၍ ဓာတ်အားထုတ်လုပ် ဖြန့်ဖြူးပေးနိုင်ခဲ့သဖြင့် တစ်နှစ်ကာလအတွင်း စီမံကိန်းပြီးစီးသဖြင့် ဒေသလိုအပ်သည့်လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းပေးနိုင်ခဲ့ကြောင်း၊ နှစ်စဉ်လျှပ်စစ်ဓာတ်အားကီလိုဝပ်နာရီ သန်းပေါင်း ရှစ်သန်း ထုတ်လုပ်ပေးမည်ဖြစ်ပြီး စက်ရုံမှထွက်ရှိလာသော ဓာတ်အားများကို သီးသန့်ဓာတ်အားလိုင်းစနစ်ဖြင့် ကရင်ပြည်နယ် သံတောင်ကြီးနှင့် သံတောင်သစ်မြို့များသို့ အဓိကဖြန့်ဖြူးပေးရန် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်ထားကြောင်း၊ ပသိရေအားလျှပ်စစ်စက်ရုံသည် နိုင်ငံအတွင်းတွင်ရှိသည့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၄၅ခုအပါအဝင် ၄၆ခုမြောက် ဖွင့်လှစ်သော ရေအားလျှပ်စစ်စက်ရုံဖြစ်ပြီး ပဲခူးတိုင်းနှင့် စစ်တောင်းမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများအနက် စတုတ္ထမြောက်ဖွင့်လှစ်သော စီမံကိန်းလည်းဖြစ်ကြောင်း။

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ပသိဓာတ်အားပေးစက်ရုံအပါအဝင် တစ်ပြိုင်တည်းတည် ဆောက်နေသည့် ရေအားလျှပ်စစ်စီမံကိန်းကြီး ၁၅ခုပြီးသွားလျှင် စက်တပ်ဆင်အင်အား ၁၀၄၀၀မဂ္ဂါဝပ်ထပ်မံတိုးတက်ရရှိလာမည်ဖြစ်ကြောင်း။

ယင်းတစ်ပြိုင်တည်း တည်ဆောက်နေသော စီမံကိန်း ၁၅ ခုအနက် ကျိုင်းတောင်းစီမံကိန်း ၅၄ မဂ္ဂါဝပ်၊ ရွှေလီ(၁)စီမံကိန်း မဂ္ဂါဝပ် ၆၀၀၊ ရဲရွာစီမံကိန်း မဂ္ဂါဝပ် ၇၉၀နှင့် စစ်တောင်းမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများဖြစ်သည့် ခပေါင်းစီမံကိန်း မဂ္ဂါဝပ် ၃၀၊ ကွန်းချောင်းစီမံကိန်း မဂ္ဂါဝပ် ၆၀၊ ဖြူးချောင်းစီမံကိန်း မဂ္ဂါဝပ် ၄၀၊ ရွှေကျင်စီမံကိန်း ၇၅ မဂ္ဂါဝပ်စီရှိကြသည့် စီမံကိန်းကြီးခုနစ်ခုကို ၂၀၀၇ခုနှစ်မှ ၂၀၁၀ပြည့်နှစ်အတွင်း တစ်ခုပြီးတစ်ခု တစ်နှစ်ပြီးတစ်နှစ် အစီအရီဆက်တိုက်ပြီးစီးသွားအောင် ကြိုးစားတည်ဆောက်လျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ပသိရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ပေးခြင်းအတွက် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကြည်သာက တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်တို့အား ဖွင့်ပွဲအထိမ်းအမှတ်အလံများကို ပေးအပ်သည်။

ဆက်လက်၍ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်တို့က ပသိရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများသည် ပသိရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ စီမံကိန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။ ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ပသိရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲတို့က ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် တိုင်းမှူးက စက်ရုံကွန်ပျူတာ ထိန်းချုပ်ခန်းရှိ Automatic Control Computer System ဖြင့် လျှပ်စစ်ဓာတ်အားပေးစက်အမှတ် (၁)ကို မောင်းနှင်ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမှူးနှင့်ဝန်ကြီးများသည် စက်ရုံအတွင်းရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်မှု မှတ်တမ်းဓာတ်ပုံပြခန်းကို ကြည့်ရှုကြပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပသိရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ၁၉၉၇ခုနှစ် ဖေဖော်ဝါရီတွင် တည်ဆောက်ပြီးစီးခဲ့သော ပသိရေလှောင်တမံ၌ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းက ရေအားလျှပ်စစ်ဓာတ်အားတိုးချဲ့ထုတ်လုပ်ရေးစီမံချက်အရ တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သော ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖြစ်သည်။

ပသိရေလှောင်တမံမှ တောင်ငူဒေသရှိ နွေစပါး စိုက်ဧက ၁၅၀၀ ကို စိုက်ပျိုးရေဖူလုံစွာပေးဝေ၍ ပိုလျှံသောဆည်ရေဖြင့် ရေအားလျှပ်စစ်ဓာတ်အား ထုတ်ယူရန် အချင်း ပင်မ ၁၀ ပေ၊ စက်ရုံအဝင် ခြောက်ပေ၊ အလျား ပင်မ ၇၆၅ ပေ၊ စက်ရုံအဝင် ၁၀၅ ပေရှိ ဖိအားမြှင့်ပိုက်လိုင်းဖြင့် တပ်ဆင်စက်အင်အား (၁)မဂ္ဂါဝပ်စီရှိ ကက်ပလန်တာဘိုင်(အလျားလိုက်ဝင်ရိုး) တာဘိုင်အမျိုးအစားစက်နှစ်လုံးတပ်ဆင်ကာ နှစ်စဉ်ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ ရှစ်သန်း ထုတ်လုပ်၍ ၃၃ ကေဗွီဓာတ်အားလိုင်းဖြင့် ကရင်ပြည်နယ်သံတောင်မြို့နယ်သို့ လျှပ်စစ်ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးသွားရန်နှင့် ပိုလျှံသော လျှပ်စစ်ဓာတ်အားကို တောင်ငူဒေသအတွင်းဖြန့်ဖြူးသွားရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

(သတင်းစဉ်)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖွင့်လှစ်လိုက်သည့် ပသိရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။ (သတင်းစဉ်)

အိန္ဒိယနိုင်ငံအရှေ့ပိုင်းဘူဘန်နက်ရှ်ဝါမြို့အနီး ပူရီကမ်းခြေတွင် သဲဖြင့် တပ်ချ်မဟာပုံစံတူ ထုလုပ်ထားသည်ကို ဒီဇင်ဘာ ၃၁ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် အသေခံဗုံးခွဲ ၁၂ဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရ

ဘဂ္ဂဒက် ဇန်နဝါရီ ၁

အီရတ်နိုင်ငံ ဒီယာလာပြည်နယ် မြို့တော်ဘာကူဘာတွင် ဒီဇင်ဘာ ၃၁ ရက်တွင် ရဲစစ်ဆေးရေးဂိတ်ကို အမျိုးသမီးတစ်ဦးက ဗုံးခွဲတိုက်ခိုက်မှုကြောင့် ခြောက်ဦး ဒဏ်ရာရရှိကြောင်း ပြည်နယ် ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘဂ္ဂဒက်မြို့အရှေ့မြောက်ဘက် ၆၅ ကီလိုမီတာအကွာ ဘာကူဘာမြို့လယ် အယ်လ်မူစတာဖာရပ်ကွက်ရှိ စစ်ဆေးရေးဂိတ်၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် အရပ်သားငါးဦး ဒဏ်ရာရရှိကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

အလားတူ တာမီဂုတ်မြို့တွင် ဗုံးပေါက်ကွဲမှုကြောင့် ၁၂ဦး သေဆုံးခဲ့သည်။ ဘဂ္ဂဒက်မြို့ မြောက်ဘက် ကီလိုမီတာ ၃၀အကွာ တာမီဂုတ်မြို့ရှိ စစ်ဆေးရေးဂိတ်ကို ဗုံးခွဲတိုက်ခိုက်မှုကြောင့် အယ်လ်ခိုင်ဒါ ဆန့်ကျင်ရေး အုပ်စုမှ အဖွဲ့ဝင်ရှစ်ဦးနှင့် ကျောင်းသားကလေးငယ် လေးဦးသေဆုံးခဲ့သည်။

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့တော်မြောက်ပိုင်း ဆလာဟူဒင်ပြည်နယ်တွင်လည်း သေနတ်သမားများက ထရပ်ကားယာဉ်တန်းကို တိုက်ခိုက်ခဲ့ပြီး ထရပ်ယာဉ်မောင်း၁၁ဦးကို ပြန်ပေးဆွဲသွားခဲ့ကြောင်းပြည်နယ်ရဲတပ်ဖွဲ့ကပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဗြိတိန်၌ လုယက်မှု ဖြစ်ပွား အမျိုးသမီးရဲတပ်ဖွဲ့ဝင်ဒဏ်ရာရ

လန်ဒန် ဇန်နဝါရီ ၁

ဗြိတိန်နိုင်ငံ လန်ကာရှိုင်းယား ပြည်နယ် ပရက်စတန်မြို့အနီးရှိ စားသောက် ဆိုင်တစ်ဆိုင်တွင် လက်နက်ကိုင် လုယက်သူများကို ဖမ်းဆီးရန် ကြိုးပမ်းသည့် အမျိုးသမီး ရဲတပ်ဖွဲ့ဝင်တစ်ဦး ခြေထောက်၌ သေနတ်ဒဏ်ရာရရှိကြောင်းရဲတပ်ဖွဲ့က တနင်္လာနေ့တွင် ပြောကြားသည်။

အသက် ၂၉ နှစ်ရှိ ကစ်တီဂျွန်ဆင် ဆိုသူ အမျိုးသမီး ရဲတပ်ဖွဲ့ဝင်သည် လုယက်သူများနှင့် ရင်ဆိုင်တွေ့ပြီး ခြေထောက်တွင် သေနတ်ဒဏ်ရာ ရရှိခဲ့၍ ၎င်းကို ရွိုင်ရယ်ပရက်စတန်ဆေးရုံသို့ တင်ပို့ခဲ့သည်။

အဆိုပါစားသောက်ဆိုင်တွင် အလုပ်လုပ်နေသူတစ်ဦးမှာ ဦးခေါင်းတွင် ပြင်းထန်သော ဒဏ်ရာရရှိ၍ ဆေးရုံသို့ တင်ပို့ခဲ့သည်။

အခင်းဖြစ်ပွားသည့်နေရာသို့ အခြားရဲအရာရှိသုံးဦး ရောက်ရှိပြီး အသက် ၄၀ ဝန်းကျင်ရှိ အမျိုးသားတစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း၊ လက်နက်ကိုင်ဆောင်ထားသူ တစ်ဦးမှာ ထွက်ပြေးသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

တူရကီ ရဲတပ်ဖွဲ့ မူးယစ်ဆေးဝါးသိမ်းဆည်းရမိ

ဒီယာဘာကာ (တူရကီ) ဇန်နဝါရီ ၁

တူရကီနိုင်ငံ အရှေ့တောင်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် တူရကီ ရဲတပ်ဖွဲ့က မူးယစ်ဆေးဝါး အများအပြားကို သိမ်းဆည်းရမိကြောင်း ရဲတပ်ဖွဲ့က တနင်္လာနေ့တွင် ပြောကြားသည်။

ရဲတပ်ဖွဲ့သည် အီရန်နယ်စပ်နှင့် ထိစပ်နေသော ဗန်းပြည်နယ်တွင် ယာဉ်နှစ်စီးကို ရပ်တန့်စစ်ဆေးရာ ဆေးခြောက် ၁၁၉ ကီလိုနှင့် ဘိန်းဖြူ ကီလို ၂၀ ရှာဖွေတွေ့ရှိခဲ့ပြီး သုံးဦးကို ဖမ်းဆီးခဲ့ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ရဲတပ်ဖွဲ့အကြီးအကဲက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အကြီးစားလေယာဉ်များ တရုတ်ထုတ်လုပ်ရန် ရည်မှန်း

ဆီအန်း ဇန်နဝါရီ ၁

တရုတ်နိုင်ငံသည် အကြီးစားလေယာဉ်များ ထုတ်လုပ်ရေး ရည်မှန်းချက်ကို အကောင်အထည်ဖော် သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဝမ်ကြားပေါင်က ဒီဇင်ဘာ ၃၀ရက်တွင် ဆီအန်းလေယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီသို့ရောက်ရှိစဉ် ပြောကြားသည်။

အကြီးစားလေယာဉ်များထုတ်လုပ်ရေး ရည်မှန်းချက် အကောင်အထည်ပေါ်လာမည့် နေ့ရက်ရောက်ရှိလာမည်ဟု မိမိယုံကြည်ကြောင်းနှင့် တရုတ်နိုင်ငံ၌ အကြီးစားလေယာဉ်များ ထုတ်လုပ်နိုင်သည့် မျိုးဆက်သစ် အင်ဂျင်နီယာများ ပေါ်ထွန်းလာမည်ဖြစ်ကြောင်း ဝမ်က ပြောကြားသည်။

တရုတ်နိုင်ငံသည် အကြီးစားလေယာဉ်များထုတ်လုပ်ရန် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီနှင့် နိုင်ငံတော်ကောင်စီတို့က မဟာဗျူဟာရည်မှန်းချက်ချမှတ်ထားသည်။ တရုတ်နိုင်ငံ၏ ကိုယ်ပိုင်စွမ်းဉာဏ်စွမ်းဖြင့် ကမ္ဘာ့ဈေးကွက်၌ ယှဉ်ပြိုင်နိုင်သည့် အကြီးစားလေယာဉ်များကို ထုတ်လုပ်မည်ဖြစ်ကြောင်း၊ ယင်းလေယာဉ်များထုတ်လုပ်မှုသည် လွယ်ကူမှု မရှိကြောင်း၊ လေယာဉ်အင်ဂျင်စက်ပိုင်း၊ပစ္စည်းပိုင်းနှင့် လျှပ်စစ်ပစ္စည်းပိုင်းဆိုင်ရာအပါအဝင် အခက်အခဲများကို ဖြတ်ကျော်ရမည်ဖြစ်ကြောင်း ဝမ်ကပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီဂျစ်၌ ကြက်ငှက်တုပ်ကွေးရောဂါကြောင့် အမျိုးသားတစ်ဦး သေဆုံး

ကိုင်ရို ဇန်နဝါရီ ၁

အီဂျစ်နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားသဖြင့် နောက်ထပ်တစ်ဦး သေဆုံးကြောင်း ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုပြောကြားသည်။ ထို့အပြင် အဆိုပါရောဂါ ဖြစ်ပွားသူ ၄၂ ဦးရှိပြီး ၁၇ ဦး သေဆုံးခဲ့ကြောင်း အီဂျစ် မီနာသတင်းဌာနက ဖော်ပြသည်။

သေဆုံးသူမှာ အသက် ၂၅ နှစ်ရှိ ဖာတီမာဖာသီမိုဟာမက်ဖြစ်ပြီး ကိုင်ရိုမြောက်ဘက် ကီလိုမီတာ ၉၀ ခန့်အကွာရှိ ဒါခါလီယာဒေသမှ ဖြစ်သည်ဟု ဖော်ပြပါ ဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ဘက်ဗဒယ်အမန်ရှာဟင်းကို ကိုးကား၍ မီနာသတင်းဌာနက ဖော်ပြသည်။ ဖာတီမာကိုဒက်ကာနစ်ဒေသန္တရဆေးရုံမှ မန်ဆူရာဆေးရုံသို့ရွှေ့ပြောင်းအပြီး ကြက်ငှက်တုပ်ကွေးရောဂါကြောင့် သေဆုံးခဲ့သည်။ ၎င်းသည်လွန်ခဲ့သည့်သုံးရက်က အသက်ရှူခက်ခဲသည့် ရောဂါဝေဒနာနှင့် အဆုတ်ရောင်ရောဂါ ခံစားခဲ့ရသည်။ အီဂျစ်နိုင်ငံတွင် ရက်သတ္တတစ်ပတ်အတွင်း ကြက်ငှက်တုပ်ကွေးရောဂါဖြင့် သေဆုံးသူနှစ်ဦး ရှိသွားပြီဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အမေရိကန်နှင့် တောင်ကိုရီးယားက လေကြောင်းမှ သူလျှိုလုပ်ဟု မြောက်ကိုရီးယား စွပ်စွဲ

ပြုံယမ်း ဇန်နဝါရီ ၂

အမေရိကန်ပြည်ထောင်စုနှင့် တောင်ကိုရီးယားနိုင်ငံတို့က မြောက်ကိုရီးယားနိုင်ငံကို ၂၀၀၇ခုနှစ်အတွင်း လေကြောင်းမှ သူလျှိုလုပ်ငန်းအကြိမ် ၂၂၅၀ပြုလုပ်ခဲ့ကြသည်ဟု တနင်္လာနေ့က မြောက်ကိုရီးယား ဗဟိုသတင်းဌာန (ကေစီအင်အေ)က စွပ်စွဲသည်။

အမေရိကန်တပ်ဖွဲ့ဝင်များက ဒီဇင်ဘာ တစ်လတည်းမှာပင်လေကြောင်းမှသူလျှိုလုပ်ငန်း အကြိမ် ၁၁၀ ပြုလုပ်ခဲ့ပြီး တောင်ကိုရီးယားက အကြိမ် ၇၀ ခန့် ပြုလုပ်ခဲ့သည်ဟု စစ်ဘက်ဆိုင်ရာဌာနများကို ကိုးကား၍ ကေစီအင်အေက ဖော်ပြသည်။

မြောက်ကိုရီးယားအပေါ် လစဉ် လေကြောင်းမှ သူလျှိုလုပ်ခဲ့သည့် လုပ်ရပ်များသည် ရန်လိုမှုများ ပြုလုပ်လိုကြောင်း သက်သေပြခြင်းပင်ဖြစ်သည်ဟု ကြေညာသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂျော်ဂျီယာနိုင်ငံ စီအိုင်အက်စ်အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်မည်

မော်စကို ဇန်နဝါရီ ၂

ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲသွားပြီးနောက် ပေါ်ထွက်လာသော နိုင်ငံငယ်များသည် လွတ်လပ်သောနိုင်ငံများ ဓနသဟာယအဖွဲ့(စီအိုင်အက်စ်)ဟူသော အဖွဲ့တစ်ဖွဲ့ကို ထူထောင်ထားသည်။ ဂျော်ဂျီယာနိုင်ငံသည် ထိုအဖွဲ့အတွင်းမှ ခွဲထွက်ရန် စီစဉ်နေကြောင်း အထက်တန်းအရာရှိတစ်ဦးအား ကိုးကား၍ အီတာတပ်စ်သတင်းဌာနက ဒီဇင်ဘာ ၃၁ရက် သတင်းတွင် ဖော်ပြသည်။

ဂျော်ဂျီယာနိုင်ငံအနေဖြင့် အခွင့်သာသော အချိန်တွင် စီအိုင်အက်စ်အဖွဲ့မှ နုတ်ထွက်သွားရန် အစီအစဉ်ရှိကြောင်း ဥရောပနှင့် အတ္တလန္တိတ်ပေါင်းစည်းရေးဝန်ကြီးဌာန ဝန်ကြီး ဂျော်ဂျီဘာရာမဇ်က ပြောကြားသည်။ ပြည်နယ်ပေါင်း ၁၅ခုပါသော ဆိုဗီယက်ပြည်ထောင်စုသည် ၁၉၉၁ ခုနှစ်တွင် ပြိုကွဲသွားပြီးနောက် ဖြစ်ပေါ်လာသော နိုင်ငံငယ်များအနက် ၁၂ နိုင်ငံသည် စီအိုင်အက်စ်အဖွဲ့ကို ဖွဲ့စည်းခဲ့သည်။

ဂျော်ဂျီယာနိုင်ငံသည် နေတိုးအဖွဲ့သို့ ဝင်ရောက်ရန် စီအိုင်အက်စ်အဖွဲ့ဝင်ဖြစ်နေသောအနေအထားမှ နုတ်ထွက်ရန် လိုသည်ဟု အတိုက်အခံများက တောင်းဆိုခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပါကစ္စတန်၌ ရွေးကောက်ပွဲကို ဖေဖော်ဝါရီလအထိ ရွှေ့ဆိုင်းထား

အစ္စလမ္မာဘက် ဇန်နဝါရီ ၂

ပါကစ္စတန်နိုင်ငံ၏အထွေထွေရွေးကောက်ပွဲကို မူလက ဇန်နဝါရီ ၈ရက်တွင် ကျင်းပရန် စီစဉ်ထားခဲ့သော်လည်း ယခုအခါ ဖေဖော်ဝါရီ ၁၁ရက်ထိ ရွှေ့ဆိုင်းလိုက်ရပြီဖြစ်ကြောင်း ဒေါင်းရုပ်သံဌာနက ဇန်နဝါရီ ၁ရက်သတင်းတွင် ကြေညာသည်။

ဖော်ပြပါအတိုင်း ရွေးကောက်ပွဲ ရွှေ့ဆိုင်းလိုက်ကြောင်း ဆုံးဖြတ်ချက်ကို ပါကစ္စတန်နိုင်ငံ ရွေးကောက်ပွဲကော်မရှင်(အီးစီပီ)က အင်္ဂါနေ့တွင် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

သမ္မတမူရှာရက်ဖ်က ရွေးကောက်ပွဲကို ဇန်နဝါရီ ၈ရက်မှ ဖေဖော်ဝါရီ ၁၈ရက်သို့ ရွှေ့ဆိုင်းလိုက်ကြောင်း ရုပ်မြင်သံကြားမှ ယနေ့ ကြေညာသည်။

မကြာသေးမီက လုပ်ကြံခံခဲ့ရသော ဘနာဇီယာဘူတို၏ ပြည်သူ့ပါတီ (ပီပီပီ)ကလည်း ရွေးကောက်ပွဲကို ယခင်အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်ကိုလိုလားကြောင်း တောင်းဆိုလိုက်သည်။

ထိုနည်းတူစွာပင် ဝန်ကြီးချုပ်ဟောင်း နဝဇ်ရှာရစ်ကလည်း ရွေးကောက်ပွဲကို အချိန်မီ ကျင်းပပေးရန် တောင်းဆိုထားသည်။

လက်ရှိအာဏာရ ပါတီကလည်း ဇန်နဝါရီလ ရွေးကောက်ပွဲကို ပါဝင်ယှဉ်ပြိုင်ရန် မိမိတို့ပြင်ဆင်ထားကြောင်း ဒီဇင်ဘာ ၃၁ရက်တွင် ကြေညာသွားသည်။ ***အမ်အင်အေ၊ဆင်ဟွာ***

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၏ အရှေ့ဘက်စစ်မဲ့ဇုန်ရှိ ကိုရီးယားနှစ်နိုင်ငံ နယ်စပ်ဖြတ်ကျော်သည့် ရထားလမ်းတွင် လုံခြုံရေးဆောင်ရွက်နေသော တောင်ကိုရီးယားတပ်ဖွဲ့ဝင်နှစ်ဦးကို ဒီဇင်ဘာ ၃၁ရက်က တွေ့ရစဉ်
(ဓာတ်ပုံ-အင်တာနက်)



ထိုင်း၌ နှစ်သစ်ကူးယာဉ်တိုက်မှုကြောင့် ၁၁၈ဦးသေဆုံး

ဗန်ကောက် ဇန်နဝါရီ ၁

ထိုင်းနိုင်ငံ၌ နှစ်သစ်ကူးကာလ အားလပ်ရက်အတွင်း ယာဉ်မတော်တဆမှုများဖြစ်ပွားရာ နှစ်ရက်အတွင်း စုစုပေါင်းသေဆုံးသူ ၁၁၈ဦးရှိပြီး ဒဏ်ရာရသူ ၁၂၅၄ဦးရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၃၁ရက်တွင် သတင်းထုတ်ပြန်သည်။

ထိုင်းနိုင်ငံ၌ ပထမအားလပ်ရက်တွင် ယာဉ်တိုက်မှုပေါင်း ၁၁၄၇မှု ဖြစ်ပွားသည်။ ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၃၀ရက် တစ်ရက်တည်း၌ သေဆုံးသူ ၈၅ဦးရှိပြီး ဒဏ်ရာရသူ ၇၇၆ဦးရှိကြောင်း ပြည်ထဲရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယာဉ်တိုက်မှု ဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းမှာ အရက်သေစာသောက်စားမောင်းနှင်ခြင်းကြောင့်ဖြစ်သည်။ ယာဉ်တိုက်မှုအားလုံး၌ ၃၈ဒသမ ၁၉ ရာခိုင်နှုန်းသည် အရက်သေစာသောက်စားပြီး မောင်းနှင်ခြင်းကြောင့် ဖြစ်သည်ဟု ဆင်ဟွာသတင်း၌ ဖော်ပြထားသည်။ *အမ်အင်အေ၊ဆင်ဟွာ။*

မဉ္ဇိမဂုဏ်ရည် နှစ်ဦးဓမ္မခရီးစဉ်များ

ရန်ကုန် ဇန်နဝါရီ ၂

ရန်ကုန်မြို့ သာကေတမြို့နယ် ပြည်ထောင်စု တိုင်းရင်းသား ကျေးရွာ အနီးရှိ မဉ္ဇိမဂုဏ်ရည် မဟာစည် သာသနာ့ရိပ်သာကြီး၏ ပဓာနနာယက၊ ဓမ္မကထိကဗဟုဇနဟိတရေ၊ ကမ္မဋ္ဌာနာစရိယ၊ မဟာစည်နယ်လှည့်ဓမ္မကထိက၊ သာသန တက္ကသိုလဓမ္မာစရိယ၊ B.A, M.A, Ph.D(India) ဒေါက်တာ ဘဒ္ဒန္တ ကောဝိဒသည် ဇန်နဝါရီ ၃ ရက် ည ၆ နာရီတွင် ၂၃ လမ်း(အထက်) ဓမ္မသဘင်၊ ည ၈နာရီတွင် အင်းစိန်မြို့နယ် (၈)ရပ်ကွက် ပိတောက်လမ်း ဓမ္မသီဂီသီလရှင် စာသင်တိုက် ဂုဏပူဇာသဘင်၊ ၄ရက် ည ၇နာရီတွင် ဒေါပုံမြို့နယ် ယမုံနာ (၁)ရပ်ကွက် ဆွမ်းအောင်ပွဲဓမ္မသဘင်၊ ၅ရက် ည ၇နာရီတွင် တာမွေမြို့နယ် မလွှကုန်းဒွေးကြွယ်ရပ်ကွက် ဇောတိကလမ်း ဓမ္မသဘင်၊ ၆ရက် ည ၆နာရီတွင် ကြည့်မြင်တိုင်မြို့နယ် ပန်းပင်ကြီးလမ်း၊ ည ၈နာရီတွင် (၄၆)လမ်း ဓမ္မသဘင်၊ ၇ရက် ည ၇နာရီခွဲတွင် ဗိုလ်တထောင်စေတီ ဗုဒ္ဓဝံသရက္ခိတအသင်း ဓမ္မသဘင်၊ ၉ရက် ည ၇နာရီတွင် တာမွေမြို့နယ် မအူကုန်းရပ်ကွက် (၁၃၉)လမ်း ဓမ္မသဘင်၊ ၁၂ရက် ည ၇နာရီတွင် လမ်းမတော်မြို့နယ်၊ လမ်းသစ်ရိပ်သာ ဓမ္မသဘင်၊ ၁၃ ရက် ညနေ ၅ နာရီတွင် ပဲခူးတိုင်း ဝမ်းဘဲအင်းရွာ ဓမ္မသဘင်၊ ည ၈နာရီတွင် ဒါးပိန်မြို့ တိုင်းသံဃနာယက အကျိုးတော်ဆောင် ဆရာတော်ကျောင်း ဓမ္မသဘင်၊ ၁၄ရက် ည ၇ နာရီတွင် အင်းစိန်မြို့နယ် လမ်းသစ်လမ်း မွေး/ရေဝင်း KAWASHO Co., Ltd. ဓမ္မသဘင်၊ ၁၅၊ ၁၆ရက်များတွင် ကရင်ပြည်နယ် မြိုင်ကလေး ဘိလပ်မြေစက်ရုံ ဓမ္မသဘင်၊ ၁၇၊ ၁၈ရက်များတွင် ကရင်ပြည်နယ် ရွှေဂွန်းမြို့ ဓမ္မသဘင်၊ ၁၉၊ ၂၀ရက်များတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ဓမ္မာဇဓမ္မသဘင်၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄ ရက်များတွင် ကရင်ပြည်နယ်၊ ဘားအံမြို့ ဓမ္မသဘင်၊ ၂၅၊ ၂၆ ရက်များတွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့ တောင်ပေါ်ကျောင်း ဓမ္မသဘင်၊ ၂၇၊ ၂၈ရက် မွန်းလွဲ ၂နာရီတွင် မဲဆောက်မြို့ ကျောင်းကြီးကျောင်း ဓမ္မသဘင်၊ ၂၇၊ ၂၈၊ ၂၉ရက် ည ၇နာရီတွင် မြဝတီမြို့ ဓမ္မသဘင်၊ ၃၀၊ ၃၁ ရက်များတွင် သထုံမြို့ ဓမ္မလမင်းအဖွဲ့ ဓမ္မသဘင် အထူးတရားပွဲများ၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည် ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ကျောက်ပန်းတောင်းမြို့၌ တရားတော်များဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၂

ကျောက်ပန်းတောင်းမြို့ စိတ္တပါလဂူကျောင်း "ရွှေနဒီ" မိသားစုဓမ္မ ဗိမာန်တော်တွင် ဇန်နဝါရီ ၂၃ ရက် ညတွင် ရွှေတောင်ပါဠိတက္ကသိုလ် အရှင်ဇနိတ၊ ဇန်နဝါရီ ၂၄ရက်ညတွင် သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ၊ ဇန်နဝါရီ ၂၅ ရက် ညတွင် သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒတို့က ညစဉ် ၇နာရီမှစ၍လည်းကောင်း၊ ဇန်နဝါရီ ၂၇ ရက် နံနက် ၉နာရီတွင် မဟာစည် (ပြန်ကလေး) ဆရာတော် အရှင်ဇဋိလသည် ဦးဝင်းစိုး-မစန်းသပြေ ထွန်းမိသားစုနှင့် ကိုဝင်းဇော်-မနုနုဝေတို့၏ ရှင်ပြုနားသအလှူတော်မင်္ဂလာ၌ လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (က-ပ)

ဇန်နဝါရီ ၁ရက်က သာသနာ့ဟိတဝတ်အသင်း၏ ရွှေတိဂုံစေတီတော် မြတ်ကြီးအား (၂၂)နှစ်ပြည့် ဆီမီး၉၀၀၀ပူဇော်ပွဲကို ရွှေတိဂုံစေတီတော်အင်္ဂါထောင့်၌ ကျင်းပရာ ဘုရားဖူးပြည်သူများက ဆီမီးများ ကပ်လှူပူဇော်ကြစဉ်။(ကြေးမုံ)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ဝေဇ္ဇုဝန် GSM (Mobile) အိတ်ချိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (ဆက်သွယ်ရေး)

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ဆက်သွယ်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ အမြန်စာပို့လုပ်ငန်း အစည်းအဝေးခန်းမ၌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနမှ တာဝန်ရှိသူများအားတွေ့ဆုံရာ ရှေးဦးစွာ ဝန်ကြီးအား သတင်းအချက်အလက်နှင့်နည်းပညာဌာန၊ မိုဘိုင်းဆက်သွယ်ရေးဌာန၊ ပြည်ပဆက်သွယ်ရေးဌာနနှင့် ငွေစာရင်းဌာနတို့မှ တာဝန်ခံများက ဌာနအလိုက် ဆက်သွယ်ရေး လုပ်ငန်းဆိုင်ရာများ ဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်ရန် လျာထားမှုများကို ရှင်းလင်းတင်ပြကြပြီး တာဝန်ရှိသူများက ဖြည့်စွက်တင်ပြကြရာ ဝန်ကြီးက ဆက်သွယ်ရေးလုပ်ငန်းများ အရည်အသွေးပြည့်မီစွာ စနစ်တကျ ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ဟံသာဝတီ အပြည်ပြည်ဆိုင်ရာ အမြန်စာပို့လုပ်ငန်းသို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ယင်းမှတစ်ဆင့် ဝန်ကြီးသည် ဟံသာဝတီ အော်တိုအိတ်ချိန်းသို့ ရောက်ရှိပြီး GSM စီမံကိန်း အော်တိုတယ်လီဖုန်းစနစ်အတွက် စက်ပစ္စည်းအသစ်များ ရောက်ရှိတပ်ဆင်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းပေးပြီး လုပ်ငန်းများ အရည်အသွေးပြည့်မီစွာဖြင့် အမြန်ပြီးစီးရေးမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ရန်ကုန်မြို့ ဝေဇ္ဇုဝန် GSM(Mobile)အိတ်ချိန်းနှင့် အလုံ အော်တိုအိတ်ချိန်းသို့ ရောက်ရှိပြီး GSM စီမံကိန်းအတွက် GSM (Mobile)ဖုန်းလိုင်းများ တိုးချဲ့တပ်ဆင်ရန် စက်ပစ္စည်းများရောက်ရှိ တပ်ဆင်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အထက(၂)တောင်ဥက္ကလာ အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂

တောင်ဥက္ကလာပမြို့နယ် အထက (၂) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒသမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့) နံနက် ၁၀ နာရီတွင် အဆိုပါကျောင်းခန်းမဆောင်သစ်ကြီး၌ ကျင်းပမည်ဖြစ်၍ ကန်တော့ခံဆရာ၊ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုပါက ဦးဇော်ဝင်း ဖုန်း-၅၇၃၀၉၄၊ ဒေါ်ယဉ်ယဉ်ခွဲ့ ဖုန်း-၅၇၀၈၅၇၊ ဒေါ်ခင်ငြိမ်းမိုး ဖုန်း-၅၇၁၅၇၆၊ အထက(၂) ဖုန်း-၅၆၃၃၃၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (၆၃)

စာပေဗိမာန်စာအုပ်အသင်းစာအုပ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂

စာပေဗိမာန် စာအုပ်အသင်းက ၂၀၀၄ခုနှစ် စာပေဗိမာန်စာမူဆု ဝတ္ထုရှည် (ပထမဆုရ) နေစိုးသော်၏ "နှင်းခါးရိုင်း" စာအုပ်ကို စာအုပ်အသင်း၏ (၃၄) အုပ်မြောက် စာအုပ်အဖြစ် ရန်ကုန်နှင့်နယ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိရာ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် ၅၂၉/၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး နယ်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်း၊ အရောင်းဌာန ဖုန်း-၃၈၁၄၄၈၊ ၂၄၉၀၃၁၊ အမှတ် ၅၂၉၊ ၅၃၁၊ ကုန်သည်လမ်း ရန်ကုန်မြို့သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

မင်္ဂလာဈေး ဓမ္မာရုံ တရားပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂

အင်းစိန်မြို့နယ် အောင်ဆန်းမြို့ တောရတပ်ဦးကျောင်းတိုက် ပြည်တွင်း/ပြည်ပ သာသနာပြု မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ အရှင်မြတ်သည် ဇန်နဝါရီ ၅ရက်နှင့် ၆ရက်တို့တွင် ဗဟန်းမြို့နယ် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်အနီး ကြေးသွန်းဘုရားကြီးရှေ့ ကြားတောရလမ်း မင်္ဂလာဈေး ဓမ္မာရုံတွင် ခန္ဓာဉာဏ်ရောက် ဝိပဿနာ တရားပွဲကို ညစဉ် ၇ နာရီမှ စတင်၍ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

အထက(၂)မအူပင်မြို့နယ် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂

အထက(၂) မအူပင် (ယခင် ABM ကျောင်း) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၁၃ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်၍ အသက် (၆၀)ပြည့်ပြီး ဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်အကျိုးဆောင်အဖွဲ့မှ နှိုးဆော်ထားသည်။

အလှူငွေများ လှူဒါန်းလိုပါက မအူပင်မြို့၌ ဦးခင်လှိုင် ဖုန်း-၀၄၅၃၀၄၇၁၊ ဦးကျင်ဝင်း ဖုန်း-၀၄၅၃၀၆၂၄၊ ဦးနိုင်ဇော်လင်း ဖုန်း-၀၄၅၃၀၃၉၄၊ ဒေါ်ခင်ခင်သိမ်း ဖုန်း-၀၄၅ ၃၀၇၅၂တို့တွင်လည်းကောင်း၊ ရန်ကုန်မြို့ ဦးဇော်မင်း ဖုန်း-၀၉၅ ၁၈၁၆၅၂၊ ၀၁-၂၁၁၂၃၃ (၃၈၆)၊ ဦးသန်းစိုး ဖုန်း-၆၅၀၆၁၉၊ ဦးစိုးသိန်း ဖုန်း-၀၉၅၀၀၄၃၇၂၊ ၀၁-၇၀၇၃၉၁ တို့ထံတွင် ဆက်သွယ်လှူဒါန်းနိုင်သည်။ ရန်ကုန်မြို့မှ လိုက်ပါမည့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ နန်းထိုက်စံ မှန်လုံမော်တော်ယာဉ်ဖြင့် ၁၂-၁-၂၀၀၈ ရက်မွန်းတည့်၁၂နာရီတွင်အောင်မင်္ဂလာ အဝေးပြေးနှင့် ဒဂုံဧရာ အဝေးပြေးတို့မှ မအူပင်သို့ ပို့ဆောင်ပေးမည်ဟု သတင်းရရှိသည်။ (က-ပ)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဓာတ်လမ်းပဟာ ထုတ်လွှင့်မည်

ရန်ကုန် ဇန်နဝါရီ ၂

၂၀၀၈ခုနှစ် ဇန်နဝါရီ ၄ရက်တွင် ကျရောက်သော နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့အသံ ရေဒီယိုအစီအစဉ်မှ ဇန်နဝါရီ ၃ရက် (ကြာသပတေးနေ့) ည ၇နာရီ ၁၅မိနစ်နှင့် ဇန်နဝါရီ ၄ ရက် (သောကြာနေ့) မွန်းလွဲ ၁၂ နာရီခွဲတို့တွင် သပြေနု၏ ဝတ္ထုဇာတ်ညွှန်းကို မြန်မာ့အသံက စီစဉ်ထုတ်လွှင့်လိုက်သည့် **"အမှတ်တရ နှင်းစက်များ"** ဇာတ်လမ်းကို ထုတ်လွှင့်မည်ဖြစ်သည်။

ယင်းဇာတ်လမ်းတွင် တေးသံရှင် တက္ကသိုလ်လဲ့လဲ့နှင့် မြန်မာ့အသံ ဝန်ထမ်းများ ပါဝင်သရုပ်ဆောင်ထားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၁-၂၀၀၈ (ကြာသပတေးနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"လမ်းမှားလမ်းမှန်"တရားတော်(ဆရာတော်ဦးဝိနယစာရ)
၇း၅၀-၁း၅၀	နိဗ္ဗာန်ဆီသို့---အမေးအဖြေများ
၈း၂၀-၂း၂၀	တေးဂီတအစီအစဉ်
၈း၂၅-၂း၂၅	ပြည်တွင်းအနုပညာရေးရာ
၈း၅၅-၂း၅၅	Activities In The City
၉း၁၀-၃း၁၀	တေးဂီတအစီအစဉ်
၉း၁၅-၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅-၃း၂၅	တေးဂီတအစီအစဉ်
၉း၃၀-၃း၃၀	မူးယစ်ကင်းစင်လူ့ဘောင်တစ်ခွင် MANA ၏ ရည်မှန်းချက်ပန်းတိုင်အသွင်(တတိယပိုင်း)
၉း၅၅-၃း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀-၄း၀၀	လေ့လာကြမယ်ရှမ်းရိုးရာအထည်
၁၀း၁၅-၄း၁၅	မိုးလေဝသခန့်မှန်းချက်
၁၀း၂၀-၄း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅-၄း၂၅	သင်ယူလေ့လာဂီတပညာ(ကိုစိုင်း)(အပိုင်း-၂၂)
၁၀း၅၀-၄း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀-၅း၀၀	**ရှင်နှောင်းကျောင်းရောက်ပြီ (ကြည်စိုး၊ထူးသာ၊ချောနဝင်း၊ယွန်းငုံဖူး) (ဒါရိုက်တာ-ဦးခင်ဇော်)**
၁၁း၁၅-၅း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၀-၅း၂၀	ဒါရိုက်တာကြည်စိုးထွန်း (မြင်းမိုရ်ထက်မြင့်သောမိသားစုရုပ်ရှင်ဇာတ်ဝင်တေးများ)
၁၁း၄၅-၅း၄၅	ဖူးစာဖက်တို့ဆုံစည်းဖို့ရာ"မင်္ဂလာအိပ်မက်မက်ရအောင်"
၁၂း၀၀-၆း၀၀	တေးဂီတအစီအစဉ်
၁၂း၀၅-၆း၀၅	Celebrity Style (အဆိုတော်သရုပ်ဆောင်ထွန်းထွန်းနှင့်တွေ့ဆုံခြင်း)
၁၂း၃၅-၆း၃၅	ကုသစောင့်ရှောက်မနေးပြည်သူအများကျန်းမာရေး (ရန်ကုန်တိုင်းရင်းဆေးရုံကြီး)
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

❁ မကွေးတိုင်းမှ

ပေးပြီးဖြစ်ကြောင်း၊ ကံမမြို့နယ် ရေနံ့သာတံတား၊ အောင်လံမြို့နယ် ဘွက်ကြီးတံတား၊ ပခုက္ကူမြို့နယ်ရှိ ဝက်ခုတ်တံတားတို့မှာ တည်ဆောက်ဆဲဖြစ်ပြီး ဘွက်ကြီးတံတားကို မကြာမီ ဖွင့်လှစ်နိုင်တော့မှာ ဖြစ်ကြောင်း။

ဆောင်ရွက်နေ

စလင်းမြို့နယ်တွင် သရူးချောင်းတံတား၊ မကွေးမြို့နယ်တွင် ဒေါင်းနေချောင်းတံတား၊ တောင်တွင်းကြီးမြို့နယ်တွင် ယင်းချောင်းတံတားတို့ကိုလည်း စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း။

တံတားများအပြင် ဧရာဝတီမြစ် အနောက်ဘက်ခြမ်းတွင် ပုသိမ်မြို့မှ မုံရွာမြို့အထိ ပုသိမ်-မုံရွာမော်တော်ကားလမ်းမကြီးကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖောက်လုပ်ပေးနေကြောင်း၊ ပုသိမ်-မုံရွာလမ်းမကြီးမှာ စုစုပေါင်း ၄၅၂ မိုင် နှစ်ဖာလုံရှိပြီး ပုသိမ်-ကွင်းကောက်-ဘက်ရဲ-ဥသျှစ်ပင်အပိုင်း၊ ဥသျှစ်ပင်-မင်းတုန်း-ပဒါန်း အပိုင်း၊ ပဒါန်း-ကဇွန်းမအပိုင်း၊ ကဇွန်းမ-မြိုင်-ဝက်ခုတ်အပိုင်းနဲ့ ဝက်ခုတ်-မြောက်ယမား-မုံရွာအပိုင်းဟူ၍ အပိုင်းလိုက် ဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် ကတ္တရာလမ်း ၁၉၆မိုင်၇ဖာလုံအထိရှိပြီးဖြစ်ကြောင်း၊ ကျန်သေးသည့် မြေလမ်း၊ အမာခံလမ်းများကို ကတ္တရာလမ်းအဆင့်အထိ တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဤလမ်းတွင် သရူးချောင်းတံတားနှင့် မြောက်ယမားချောင်းတံတား တည်ဆောက်ပြီးလျှင် ပုသိမ်မှမုံရွာအထိ ရာသီမရွေး သွားလာနိုင်မှာဖြစ်ကြောင်း။

အချိန်တိုအတွင်း တိုးတက်လာမည်

ထို့ကြောင့် ဤပုသိမ်-မုံရွာလမ်းမကြီးနှင့် တံတားများကို ဖြတ်သန်းပြီး ဧရာဝတီမြစ် အနောက်ဘက်ခြမ်း မြန်မာနိုင်ငံတောင်ပိုင်းမှ မြောက်ပိုင်း ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီမြစ်၏ အရှေ့ဘက်ခြမ်းဒေသတို့ ခရီးမိုင်အတိုဆုံးနှင့် အချိန်တိုအတွင်း ဆက်သွယ်ကူးသန်းသွားလာနိုင်ပြီး လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် စီးပွားရေးတို့ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရ၏ စေတနာကို နားလည်သဘောပေါက်ပြီး တိုင်းရင်းသားပြည်သူအားလုံးက စည်းလုံးညီညွတ်စွာနိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ပြီး တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားဖြစ်ထွန်းစေမည့် အမျိုးသားညီလာခံနှင့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို အလေးအနက် ကြိုဆိုထောက်ခံရင်း ဆက်လက်လျှောက်လှမ်းသွားကြပါစို့ဟု ပြောကြားသည်။

ကူးလူးသွားလာနိုင်

ထို့နောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေက အမှာစကားပြောကြားရာတွင် မဲဇလီတံတားဖွင့်လှစ်လိုက်သည့်အတွက် ပုသိမ်-မုံရွာလမ်းမကြီးအတိုင်း ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနှင့် စစ်ကိုင်းတိုင်းများသို့လည်းကောင်း၊ မင်းဘူး-အမ်းလမ်းမှတစ်ဆင့် ရခိုင်ပြည်နယ်သို့လည်းကောင်း၊ ဧရာဝတီတံတား(မကွေး)ကို ဖြတ်ကျော်၍ ဧရာဝတီမြစ်အရှေ့ဘက်ရှိ တိုင်းနှင့် ပြည်နယ်များသို့လည်းကောင်း၊ ဒေသထွက်ကုန်များ လွယ်ကူလျင်မြန်စွာရောင်းဝယ်ဖောက်ကားနိုင်မည်ဖြစ်သကဲ့သို့ ခရီးသွားပြည်သူများလည်း ဒေသတစ်ခုနှင့် တစ်ခုအကြား အချိန်တိုအတွင်း ကူးလူးဆက်သွယ်သွားလာနိုင်ကြတော့မည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက ပြည်ထောင်စုတစ်ဝန်း ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုလမ်း/တံတားများစွာကို တည်ဆောက်ပေးလျက်ရှိရာ ဒေသခံပြည်သူများက တည်ဆောက်ပြီးတံတားများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် မပျက်မစီးရအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေတို့ မဲဇလီတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦးက တံတားကြီး တည်ဆောက်ဖွင့်လှစ်ပေးခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ဒေသခံများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်

ဆက်လက်၍ မင်္ဂလာအချိန်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေတို့က မဲဇလီတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး အဖွဲ့ဝင်များ၊ ဒေသခံများနှင့်အတူ မင်္ဂလာမုခ်ဦးရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် မဲဇလီတံတားကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့်အတူ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကာ တံတားကြီးပေါ်သို့ ဖြတ်သန်းကြည့်ရှုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မဲဇလီတံတားမှာ ပုသိမ်-မုံရွာလမ်း(မြောက်ပိုင်း)ရှိ အဓိကကျသည့် တံတားကြီးတစ်စင်းဖြစ်ပြီး ပဲခူးတိုင်းနှင့်ဧရာဝတီတိုင်းတို့မှ ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ်ကြီးများ ဥသျှစ်ပင်-ပဒါန်း-ကဇွန်းမမှတစ်ဆင့် ချင်းပြည်နယ်နှင့် မန္တလေးတိုင်း ဒေသများသို့ ခရီးမိုင်အတိုဆုံးနှင့် ရာသီမရွေး ဆက်သွယ်သွားလာနိုင်ပြီး ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကအထောက်အကူပြုကြောင်း သိရှိရသည်။

(သတင်းစဉ်)

မကွေးတိုင်း မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်ရှိ မဲဇလီတံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

ကျုံပျော်အထက အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂

ပဉ္စမအကြိမ်မြောက် ကျုံပျော်အထက ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၃ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျုံပျော်အထက အောင်ဆန်းခန်းမ၌ ကျင်းပမည်ဖြစ်၍ အသက်(၆၀)ပြည့် အငြိမ်းစားယူပြီးသွားကြသော ဆရာကြီး၊ ဆရာမကြီးများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံ ကြွရောက်ကြပါရန်နှင့် ဖေဖော်ဝါရီ ၂ရက် (စနေနေ့) နံနက် ၁၁နာရီအရောက် လှိုင်သာယာ ဒဂုံရောအဝေးပြေးစခန်းရှိ ခေတ်မီကားဂိတ်သို့ ကြွရောက်ကြပါရန် ဖိတ်ကြားထားသည်။

အလှူငွေ ထည့်ဝင်လိုသော ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဦးအင်းဟော် ဖုန်း-၀၉၅၁၃၆၅၆၈၊ ဦးလှဦး ဖုန်း-၀၉-၅၂၀၂၇၉၀၊ ဦးသန်းစိုး ဖုန်း-၀၉-၅၁၃၂၂၆၉၊ ဗိုလ်ကြီးစိန်သန်း(ငြိမ်း)ဖုန်း-၀၉-၅၃၅၀၈၆၃၊ ဦးမြင့်သောင်း ဖုန်း-၀၁-၅၈၄၅၇၇၊ ဒေါ်ရွှေမိ ဖုန်း-၀၁-၇၀၀၇၅၇၊ ဒေါ်ကြူကြူသင်း ဖုန်း-၀၁-၆၈၀၁၉၅၊ Dr.မင်းဆောင်(ပုသိမ်) ဖုန်း-၀၄၂-၂၄၂၉၀၊ ၀၉-၅၂၀၀၂၉၀၊ ဦးမြဟန် ရွှေမိုးဆောင်းကဖီး ဗိုလ်ချုပ်လမ်း၊ ကျုံပျော်၊ဦးထွန်းဝင်း အတွင်းရေးမှူး ကျုံပျော်တို့သို့ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

တိုက်ကြီးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂

တိုက်ကြီးမြို့နယ်အသင်း(ရန်ကုန်) အကြိမ်(၃၀)မြောက် နှစ်ပတ်လည်အစည်းအဝေးကို စမ်းချောင်းမြို့နယ် ဗဟိုလမ်းရှိ အသင်းဓမ္မာရုံ၌ ဇန်နဝါရီ ၂၀ ရက်(တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်သည်။ နှစ်ပတ်လည်အစည်းအဝေးတွင် အသက်(၈၀)နှင့်အထက် အဘိုး၊ အဘွားတို့ကို ပူဇော်ကန်တော့ခြင်း၊ ဂုဏ်ထူး၊ ဘွဲ့ထူးရရှိသူများအား ဂုဏ်ပြုလက်ဆောင်ချီးမြှင့်ခြင်း၊ ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသူများအား ပညာရည်ချွန်ဆု ချီးမြှင့်မည်ဖြစ်ပါ၍ ဂုဏ်ထူးရရှိသူ ကျောင်းသား၊ ကျောင်းသူများသည် ဇန်နဝါရီ ၁၅ရက် နောက်ဆုံးထားပြီး ဥက္ကဋ္ဌ ဦးသိန်းအောင် ဖုန်း-၅၂၆၁၆၄၊ ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် ဖုန်း-၅၃၅၀၂၉ နှင့် ဒုတိယဥက္ကဋ္ဌ ဦးတင်ငွေ ဖုန်း-၂၂၁၇၄၅ သို့ ဆက်သွယ်ရန်နှင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ရန် ဖိတ်ကြားထားသည်။ (က-ပ)

ရွှေတောင်မြို့နယ်အသင်း အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂

ရွှေတောင်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲကို ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ရွှေတိဂုံဘုရားလမ်း၊ မင်္ဂလာရုပ်ရှင်ရုံနှင့် မျက်နှာချင်းဆိုင်၊ သိမ်ကြီးဈေးစီရုံ ဒုတိယထပ် MCCသင်တန်းကျောင်းအောက်ထပ်ရှိ GANO EXCEL အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၁၃ရက် (တနင်္ဂနွေ)နေ့ နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဖြစ်စေ၊ အသင်းမဝင်ရသေးသူဖြစ်စေ ရွှေတောင်မြို့နယ်သူ၊ မြို့နယ်သားများ တက် ရောက်ကြပါရန်နှင့် ၂၀၀၇ခုနှစ်၊ တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသူများကို ပညာရည်ချွန်ဆုချီးမြှင့်မည်ဖြစ်သဖြင့် ဦးအောင်မြင့် ဖုန်း-၃၈၄၁၉၀၊ ဦးရဲမြင့် ဖုန်း-၀၉၅၁၃၀၂၄၅တို့သို့ ကြိုတင်စာရင်းပေးကြ ရန်ဖြစ်ကြောင်းသိရသည်။ (က-ပ)

အိုင်စီတီနည်းပညာများ အသုံးပြု၍ ခေတ်မီအီလက်ထရွန်နစ်ပစ္စည်းများ ထုတ်လုပ်ရန် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ်တွင် အသစ်တည်ဆောက်ထားသော ရတနာပုံတယ်လီပို့ အဆောက်အအုံသစ်ကို တွေ့ရစဉ်။

၂၀၀၇ ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း ဆက်သွယ်ရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းမှု မှတ်တမ်း

နှစ် (၆၀)ပြည့် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြု

ဒေသခံပြည်သူများ ဆက်သွယ်မှု ကောင်းမွန်စေရေးအတွက် မန္တလေးတိုင်း မြစ်သားမြို့နယ်တွင် အသစ်တည်ဆောက်ထားသော ဒီဂျစ်တယ် အော်တိုတယ်လီဖုန်းစက်ခလုတ်ခုံ။

စဉ်	အမည်	ဒေသ	ဖွင့်လှစ်သည့်နေ့
၁	ဒီဂျစ်တယ်အော်တိုအိတ်ချိန်းသစ်	စစ်ကိုင်းတိုင်း၊ တန့်ဆည်မြို့နယ်	၁၆-၃-၂၀၀၇
၂	ဒီဂျစ်တယ်အော်တိုအိတ်ချိန်းသစ်	မန္တလေးတိုင်း၊ မြစ်သားမြို့နယ်	၂၃-၃-၂၀၀၇
၃	ဒီဂျစ်တယ်အော်တိုအိတ်ချိန်းသစ်	ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်	၁-၄-၂၀၀၇
၄	ဒီဂျစ်တယ်အော်တိုအိတ်ချိန်းသစ်	မန္တလေးတိုင်း၊ လယ်ဝေးမြို့နယ်	၁၈-၅-၂၀၀၇
၅	ရတနာပုံတယ်လီပို့	မန္တလေးတိုင်း၊ ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ်	၁၄-၁၂-၂၀၀၇
၆	ဒီဂျစ်တယ်အော်တိုအိတ်ချိန်းသစ်	မန္တလေးတိုင်း၊ ပြင်ဦးလွင်မြို့နယ် အနီးစခန်း	၁၈-၁၂-၂၀၀၇
၇	ပဒေသာဆက်သွယ်ရေးစခန်း (စာတိုက်၊ ကြေးနန်းနှင့် တယ်လီဖုန်း) စခန်းသစ်	မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်	၁၈-၁၂-၂၀၀၇

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ပဒေသာ ဆက်သွယ်ရေးစခန်း ဒီဂျစ်တယ် အီလက်ထရွန်နစ် အော်တိုအိတ်ချိန်းသစ်နှင့် အနီးစခန်း ဒီဂျစ်တယ် အီလက်ထရွန်နစ် အော်တိုအိတ်ချိန်းသစ် အဆောက်အအုံများကို တွေ့ရစဉ်။ (အောက်ဝဲပုံနှင့် အောက်ပုံ)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

လွတ်လပ်ရေးကို သက်စွန့်ကြိုးပမ်းရယူပေးခဲ့ကြသူများ၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေ

၂၀၀၈ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး လွတ်လပ်ရေးရသည်မှာ နှစ်ပေါင်း(၆၀) တိတိ ပြည့်ခဲ့ပါပြီ။

လွတ်လပ်ရေးရခဲ့ပြီးနောက် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ရာ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း အလုပ်ကို ညီညွတ်စွာကြိုးစားလုပ်ကိုင်ကြပါမှ ကမ္ဘာ့အလယ်တွင် မြန်မာဟု တင့်တယ်စွာ ပေါ်ထွန်းနိုင်မည်ဖြစ်ပါသည်။ သို့သော်လည်း အချင်းချင်းမညီညွတ်ကြသဖြင့် ပြည်တွင်းသောင်းကျန်းမှုများ ဖြစ်ပွားခဲ့ရပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားခဲ့ရသည်။ ထိုဖြစ်ရပ်၏ ဆိုးကျိုးအဖြစ် ကုန်ထုတ်လုပ်ငန်းများ၊ ကုန်သွယ်မှုလုပ်ငန်းများထိခိုက်ခဲ့ရပြီး အလုပ်အကိုင်အခွင့်အလမ်းများစွာဆုံးရှုံးခဲ့ရပါသည်။

ထို့ကြောင့် ကျွန်တော်တို့သည် အလုပ်ကိုကြိုးစားလုပ်ကိုင်ချင်သည့်တိုင် ထိုသို့ ကြိုးစားလုပ်ကိုင်နိုင်ရန် အခွင့်အလမ်းများ နည်းပါးခဲ့ရပါသည်။ ထိုမှ နောက်ပိုင်းသင့်တင့်သော ငြိမ်းချမ်းမှု ရခဲ့သော်လည်း တော်လှန်ရေးကောင်စီအစိုးရလက်ထက်တွင် တစ်ဦးချင်းအကျိုးစီးပွားကို ပဓာနမထားဘဲ လုပ်ငန်းများကို ပြည်သူပိုင်သိမ်းလိုက်ခြင်းကြောင့် အလုပ်ကို ကြိုးစားလုပ်ကိုင်ချင်သော မြန်မာတို့၏ လုပ်ကိုင်ခွင့်များကို ပိတ်ပင်လိုက်သကဲ့သို့ ဖြစ်သွားခဲ့ပါသည်။ လမ်းစဉ်ပါတီအစိုးရလက်ထက်တွင်လည်း ဆိုရှယ်လစ်စီးပွားရေးစနစ်အရ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများကို ကန့်သတ်ခြင်းကြောင့် မြန်မာနိုင်ငံသားများ အလုပ်ကြိုးစားချင်သလောက်ကြိုးစားခွင့်မရခဲ့ကြပါ။ ထို့ကြောင့် ထိုခေတ်ကာလများတွင် မြန်မာနိုင်ငံသားများအနေဖြင့် သူများခြေတစ်လှမ်းလှမ်းလျှင် ကိုယ်က လေးငါးဆယ်လှမ်းလှမ်းဖို့သင့်သော်လည်း ခြေထောက်များကို ချုပ်နှောင်ခံထားရသည့် အပြေးသမားပမာ ပန်းမဝင်နိုင်သည့်အနေအထားသို့ ရောက်ရှိခဲ့ပါသည်။

လွတ်လပ်ရေးရပြီး ၁၉၄၈ခုနှစ်မှ ၁၉၈၈ခုနှစ်အထိ ကာလတွင် နိုင်ငံအတွင်း၌ အမျိုးသားစည်းလုံးညီညွတ်မှုအားနည်းခဲ့ခြင်း၊ ကျင့်သုံးခဲ့သော စီးပွားရေးစနစ် အားနည်းခြင်းတို့ကြောင့် လွတ်လပ်ရေးရပြီး နှစ်(၄၀)အကြာတွင် မြန်မာနိုင်ငံသည် ဖွံ့ဖြိုးမှု အနိမ့်ဆုံးနိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့ရပါသည်။

နိုင်ငံတွင်း၌ ညီညွတ်ရေးပျက်ပြားခြင်း၊ စီးပွားရေးမူဝါဒများ မှားယွင်းခဲ့ခြင်းတို့ကြောင့် ဖွံ့ဖြိုးမှုအနိမ့်ဆုံးနိုင်ငံဖြစ်ခဲ့ရာမှ နိုင်ငံတော်အချုပ်အခြာအာဏာဆုံးရှုံးရတော့မည့်အခြေအနေသို့ ရောက်ရှိလာခဲ့သဖြင့် ၁၉၈၈ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် တပ်မတော်က မလွှဲမရှောင်သာ တာဝန်ယူလိုက်ရပါသည်။ တပ်မတော်အစိုးရသည် ဖွံ့ဖြိုးမှုအနိမ့်ဆုံးသို့ ရောက်နေသော မြန်မာနိုင်ငံကို ပြန်လည်ထူထောင်မှုများ ပြုလုပ်ခဲ့ပါသည်။ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်ခဲ့ရာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ကြီး (၁၇) ဖွဲ့နှင့် အဖွဲ့ငယ် အများအပြား ငြိမ်းချမ်းရေးရယူခဲ့ကြပါသည်။ ထို့ကြောင့် ယခင်က အေးချမ်းမှုမရှိသောဒေသများ အေးချမ်းလာပြီး ပြည်သူများအနေဖြင့် စီးပွားရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်လာနိုင်ကြပါသည်။

ယခင်က မအေးချမ်းခဲ့သော ကျွန်တော်နေထိုင်ရာ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးရယူပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးတည်ဆောက်နိုင်ခဲ့သဖြင့် ယင်းဒေသများမှ ပြည်သူများသည် မြေလွတ်မြေရိုင်းများကို တိုးချဲ့စိုက်ပျိုးလာနိုင်ကြသည်။ ရော်ဘာစိုက်ခင်းသစ်များကို ဧကပေါင်း ထောင်သောင်းချီ၍ တိုးချဲ့လုပ်ကိုင်လာကြသည်ကို တွေ့လာရပါသည်။ တနင်္သာရီတိုင်းတွင်လည်း ရော်ဘာစိုက်ခင်းသစ်များ၊ ဆီအုန်းစိုက်ခင်းသစ်များကို ဧကသိန်းနှင့်ချီပြီး တိုးချဲ့စိုက်ပျိုးလာကြသည်ကိုတွေ့လာရပါသည်။ ၁၉၈၈ ခုနှစ်မတိုင်မီက ကျွန်တော်တို့ပတ်ဝန်းကျင်ရှိ တိုက်ပွဲများ ဖြစ်ပွားခဲ့ရာ စစ်တလင်းပြင်နေရာဒေသများသည် ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် စိုက်ခင်းများအဖြစ် စိမ်းစိမ်းစိုစို၊ သာသာယာယာပြောင်းလဲလာကြသည်ကို မျက်မြင်ကိုယ်တွေ့ တွေ့ကြုံလာရပါသည်။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် စသည့် ယခင်က မအေးချမ်းခဲ့သော ဒေသများတွင်လည်း အမျိုးသားစည်းလုံးညီညွတ်ရေးရရှိလာပြီး နယ်မြေအေးချမ်းလာသောကြောင့် မြေလွတ်မြေရိုင်းများကို ဖော်ထုတ်စိုက်ပျိုး လုပ်ကိုင်လာနိုင်ခဲ့ပါသည်။

ဤသည်မှာ တပ်မတော်အစိုးရလက်ထက်တွင် လွတ်လပ်ရေးရပြီးနောက်ပိုင်း မည်သည့်ခေတ်အခါကနှင့်မျှ မတူအောင် အမျိုးသားစည်းလုံးညီညွတ်ရေး တည်ဆောက်နိုင်ခြင်းကြောင့် ယခင်ကမဖွံ့ဖြိုးခဲ့သော နယ်မြေဒေသများ ဖွံ့ဖြိုးတိုးတက်လာခြင်းပင်ဖြစ်ပါတော့သည်။

တပ်မတော်အစိုးရသည် ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးပြီး ပုဂ္ဂလိကစီးပွားရေးကို အားပေးလာပါသည်။ ထို့ကြောင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များသည် လုပ်ငန်းများကို အပြိုင်အဆိုင်ကြိုးစားလုပ်ကိုင်လာကြသည်။ **ပြည်နယ်နှင့်တိုင်းဒေသအသီးသီးတွင် စက်မှုဇုန်များပေါ်ထွက်လာပြီး စက်ရုံများ အများအပြားတည်ဆောက်ကာ ကုန်ထုတ်လုပ်ငန်းများကို လုပ်ကိုင်လာကြပါသည်။ ပုဂ္ဂလိကဟိုတယ်ကြီးများ၊ ခရီးသွားလုပ်ငန်းများ၊ ထုတ်ကုန်သွင်းကုန် ရောင်းဝယ်ရေးလုပ်ငန်းများ၊ ပုဂ္ဂလိကဆေးရုံများ တည်ဆောက် လုပ်ကိုင်လာကြပါသည်။ ထို့ကြောင့် ပုဂ္ဂလိကကဏ္ဍမှာ တစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်လာပါသည်။ တပ်မတော်အစိုးရလက်ထက်တွင် မည်သည့်ခေတ်အခါကနှင့်မျှမတူဘဲ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ပေါက်လာသောကြောင့် မြန်မာနိုင်ငံသားတို့သည် အလုပ်ကို ပိုမိုကြိုးစားလုပ်ကိုင်လာကြသည်ကို တွေ့ရပါသည်။ "သူများခြေတစ်လှမ်းလှမ်းလျှင် ငါတို့က လေးငါး ဆယ်လှမ်း လှမ်းမည်" ဆိုသည့် စိတ်ဓာတ်များ ဖြစ်ပေါ်လာကြသည်။ ထိုစိတ်ဓာတ်ဖြင့် ဒေသအတွင်းရှိ နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်အောင် ကြိုးစားလုပ်ကိုင်လာကြပါသည်။**



တပ်မတော်အစိုးရနှင့် ပြည်သူတို့လက်တွဲပြီး နိုင်ငံတော်ကို တက်ညီလက်ညီ ကြိုးစားပမ်းစား ပြန်လည်ထူထောင်နေချိန်တွင် နိုင်ငံတော်အစိုးရကို ဆန့်ကျင်နေသူများအနေဖြင့် အမြင်မှန်ရကာ နိုင်ငံတော် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်ကြီးတွင် ပြည်သူလူထုနှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်သင့်ပါသည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များပင် ငြိမ်းချမ်းရေး တည်ဆောက်ပြီး တပ်မတော်အစိုးရ၊ ပြည်သူတို့နှင့် လက်တွဲပူးပေါင်းလာသောကြောင့် နယ်စပ်ဒေသအသီးသီး၌ ဖွံ့ဖြိုးတိုးတက်လာချိန်တွင် ယင်း လမ်းလွဲရောက်ပြီး ဆန့်ကျင်နေသူများကပါ နိုင်ငံတော်ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်လာပါက ကျွန်တော်တို့နိုင်ငံသည် တစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်ကာ နိုင်ငံသားများလည်း ချမ်းသာကြွယ်ဝလာကြပါမည်။ ပြည်သူလူထု ချမ်းသာကြွယ်ဝရေးကို ရှေ့တန်းမတင်ဘဲ မိမိနိုင်ငံရေးအယူအဆများကို ရှေ့တန်းတင်နေပါလျှင် မည်သူ့မျှ အကျိုးမရှိဘဲ သဘောထားကွဲလွဲမြဲ ကွဲလွဲနေမည်သာ ဖြစ်ပါသည်။

ယနေ့ကာလ၌ နိုင်ငံတော် ပြန်လည်ထူထောင်ရေးတွင် ပြည်သူလူထုနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ရမည့်အစား

အမျိုးသားနိုင်ငံရေး အသိ အမြင် နိုးကြားတက်ကြွလာကြသော ယနေ့မြန်မာပြည်သူတို့သည် အမျိုးသားအကျိုးစီးပွားအတွက် ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လိုကြပါသည်။ သို့သော်လည်း မိမိတို့နိုင်ငံအား လွှတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် တန်းတူညီတူ ဆက်ဆံမှုကိုသာ လိုလားကြသည်။ မိမိတို့၏ အချုပ်အခြာအာဏာတည်းဟူသော လွတ်လပ်ရေးကို ထိပါးစေမည့် သူတစ်ပါးနောက်မြီးဆွဲဘဝ၊ သူတစ်ပါး၏ ရုပ်သေးဘဝ တို့သို့ မည်သို့သောအခါမျှ အရောက်ခံမည်မဟုတ်ပါ။

ငါးမင်း…

ပြည်သူများ လျှောက်လှမ်းနေသေ…
တံ့ဆိုင်းသွား စေရန်အတွက် အ…
များက အနောက်အုပ်စုနိုင်ငံများ…
စီးပွားရေးဒဏ်ခတ် ပိတ်ဆို့ပေးရ…
မူလကပင် မြန်မာနိုင်ငံအား ကိုလိုနီ…
နေသော အနောက်အုပ်စုနိုင်ငံများက…
ယူကာ မြန်မာနိုင်ငံအပေါ် စီးပွာ…
ပြုလုပ်ခဲ့ကြပါသည်။ ထို့ကြောင့်…
လှမ်းလျှင် လေးငါးဆယ်လှမ်းမက…
ကြသော မြန်မာပြည်သူတို့အနေဖြ…
ရသလို နိုင်ငံတော် ဖွံ့ဖြိုးမှုသည်လည်…
နှောင့်နှေးခဲ့ရပြန်ပါသည်။

**ပြည်တွင်းပြည်ပအဖျက်သမား…
အချို့က နိုင်ငံတော်အစိုးရနှင့် ပြည်သ…
လှမ်းနေသည့် ခရီးလမ်းကို မည်သို့…
ကာမူ နိုင်ငံတော်အစိုးရနှင့် ပြည်သူတ…
ကိုယ့်ခရီးကိုယ်နှင်ကာ နိုင်ငံတော်…
လမ်းစဉ်(၇)ရပ်အတိုင်း ဆက်…
ဆောင်ရွက်သွားမည်သာဖြစ်ပါသည်…
အမြင် နိုးကြားတက်ကြွလာကြသေ…
သည် အမျိုးသားအကျိုးစီးပွားအတွ…
ချစ်ကြည် ရင်းနှီးစွာ ပူးပေါင်း…
သို့သော်လည်း မိမိတို့နိုင်ငံအား လွ…
အာဏာပိုင်နိုင်ငံအဖြစ် တန်းတူ…
လိုလားကြသည်။ မိမိတို့၏ အချုပ်…
လွတ်လပ်ရေးကို ထိပါးစေမည့် …
သူတစ်ပါး၏ ရုပ်သေးဘဝတို့သ…
အရောက်ခံမည်မဟုတ်ပါ။**

ပြည်ထောင်စုမြန်မာနိုင်ငံတော…
အတွက် အာဇာနည်ခေါင်းဆောင်ကြီ…
မိဘဘိုးဘွားများ၏ အသက်၊ သေ…
ရပါသည်။ ထိုသို့ အသက်၊ သွေး၊ ချွေ…
ကို ရယူပေးခဲ့သော်လည်း တိုင်းရင်…
ညီညွတ်မှုအားနည်းခဲ့ခြင်းကြောင့်…
လွတ်လပ်ရေးရပြီး နှစ်ပေါင်း (၆…
တိုးတက်လာခြင်းမရှိသေးဘဲ အကြ…
ဖြစ်သည်ကို ဝမ်းနည်းဖွယ်ရာ ဖေ…

ထိုသို့လွတ်လပ်ရေးကို သက်စွ…
များ၏ ကျေးဇူးသစ္စာကို စောင့်သိရိုေ…
အစိုးရအပေါ် သဘောထားအ…
နိုင်ငံတော်အစိုးရ၊ ပြည်သူလူထ…
အတူတကွ လက်တွဲပူးပေါင်းက…
တိုးတက်ရေးအတွက် ဖွဲ၊ လုံ့လ၊ …
ဆောင်ရွက်သင့်ပါသည်။ ဤသို့…
ညီညွတ်ကြပါလျှင်၊ ကြိုးစားကြပါလ…
ယနေ့ ကျွန်တော်တို့မြင်တွေ့၊…
တိုးတက်ပြီးနိုင်ငံများအဆင့်သို့ အ…
အလေးအနက် ယုံကြည်မိပါကြော…
ပါသည်။ ။

ကို စောင့်သိရိသေပါလျှင်

ငါးမင်းဆွေ

ပြည်သူများ လျှော့ကျလှမ်းနေသော စီးပွားရေးခြေလှမ်းများ တုံ့ဆိုင်းသွား စေရန်အတွက် အစိုးရဆန့်ကျင်ရေးအင်အားစုများက အနောက်အုပ်စုနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံအား စီးပွားရေးဒဏ်ခတ် ပိတ်ဆို့ပေးရန် တောင်းဆိုခဲ့ကြပါသည်။ မူလကပင် မြန်မာနိုင်ငံအား ကိုလိုနီအဖြစ် သွတ်သွင်းရန်ကြံစည်နေသော အနောက်အုပ်စုနိုင်ငံများက ဤသည်ကို အခွင့်ကောင်းယူကာ မြန်မာနိုင်ငံအပေါ် စီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှုများ ပြုလုပ်ခဲ့ကြပါသည်။ ထို့ကြောင့်ပင် သူများခြေတစ်လှမ်းလှမ်းလျှင် လေးငါးဆယ်လှမ်းမက အပြေးအလွှားလုပ်ကိုင်လိုကြသော မြန်မာပြည်သူတို့အနေဖြင့် ခြေလှမ်းများ တုံ့ဆိုင်းခဲ့ရသလို နိုင်ငံတော် ဖွံ့ဖြိုးမှုသည်လည်း အတိုင်းအတာတစ်ခုအထိ နှောင့်နှေးခဲ့ရပြန်ပါသည်။

ပြည်တွင်းပြည်ပအဖျက်သမားများနှင့် အနောက်အုပ်စုနိုင်ငံအချို့က နိုင်ငံတော်အစိုးရနှင့် ပြည်သူလူထုတို့ လက်တွဲလျှောက်လှမ်းနေသည့် ခရီးလမ်းကို မည်သို့ပင်နှောင့်ယှက်ဟန့်တားစေကာမူ နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့သည် ကိုယ့်လမ်းကိုယ်ထွင်၊ ကိုယ့်ခရီးကိုယ်နှင်ကာ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်သာဖြစ်ပါသည်။ အမျိုးသားနိုင်ငံရေး အသိအမြင် နိုးကြားတက်ကြွလာကြသော ယနေ့မြန်မာပြည်သူတို့သည် အမျိုးသားအကျိုးစီးပွားအတွက် ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ချစ်ကြည် ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လိုကြပါသည်။ သို့သော်လည်း မိမိတို့နိုင်ငံအား လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် တန်းတူညီတူ ဆက်ဆံမှုကိုသာ လိုလားကြသည်။ မိမိတို့၏ အချုပ်အခြာအာဏာတည်းဟူသော လွတ်လပ်ရေးကို ထိပါးစေမည့် သူတစ်ပါးနောက်မြီးဆွဲဘဝ၊ သူတစ်ပါး၏ ရုပ်သေးဘဝတို့သို့ မည်သို့သောအခါမျှ အရောက်ခံမည်မဟုတ်ပါ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး လွတ်လပ်ရေးရရန်အတွက် အာဇာနည်ခေါင်းဆောင်ကြီးများနှင့်တကွ ကျွန်တော်တို့မိဘဘိုးဘွားများ၏ အသက်၊ သွေး၊ ချွေးတို့ ပေးဆပ်ခဲ့ကြရပါသည်။ ထိုသို့ အသက်၊ သွေး၊ ချွေးပေးဆပ်ပြီး လွတ်လပ်ရေးကို ရယူပေးခဲ့သော်လည်း တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ညီညွတ်မှုအားနည်းခဲ့ခြင်းကြောင့် ကျွန်တော်တို့နိုင်ငံသည် လွတ်လပ်ရေးရပြီး နှစ်ပေါင်း (၆၀)တိုင်အောင် ခေတ်မီဖွံ့ဖြိုးတိုးတက်လာခြင်းမရှိသေးဘဲ အကြိတ်အနယ် ကြိုးပမ်းနေရဆဲဖြစ်သည်ကို ဝမ်းနည်းဖွယ်ရာ တွေ့မြင်နေရပါသည်။

ထိုသို့လွတ်လပ်ရေးကို သက်စွန့်ကြိုးပမ်း ရယူပေးခဲ့ကြသူများ၏ ကျေးဇူးသစ္စာကို စောင့်သိရိသေသောအားဖြင့် နိုင်ငံတော်အစိုးရအပေါ် သဘောထားအမြင် လွဲမှားနေသူများသည် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုတို့နှင့် ညီညီညွတ်ညွတ် အတူတကွ လက်တွဲပူးပေါင်းကာ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ခွဲ၊ လုံ့လ၊ ဝီရိယအပြည့်ဖြင့် ပူးပေါင်းဆောင်ရွက်သင့်ပါသည်။ ဤသို့ ကျွန်တော်တို့ မြန်မာများ ညီညွတ်ကြပါလျှင်၊ ကြိုးစားကြပါလျှင် ကျွန်တော်တို့နိုင်ငံသည် ယနေ့ ကျွန်တော်တို့မြင်တွေ့၊ အားကျနေရသည့် ဖွံ့ဖြိုးတိုးတက်ပြီးနိုင်ငံများအဆင့်သို့ အမြန်မုချ ရောက်ရှိနိုင်မည်ဟု အလေးအနက် ယုံကြည်မိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်

ဒို့တိုင်းပြည်တွက်၊ ဒို့များဆက်၍ ချီကြလော့

★ ဒို့နိုင်ငံရေး၊ ဒို့များတွေးလို့
ဒို့ရေးဒို့တာ၊ ဒို့ဝန်တာကို
ဒို့သာသခင်၊ ဒို့ချစ်ခင်မှ
ကြည်လင်မြန်မာ၊ အစဉ်သာမည်
ဒါဟာ ဒို့တာဝန်ပါပဲ။

★ အချင်းချင်းပင်၊ ချစ်ခင်မရှိ
မသိမျိုးချစ်၊ အနှစ်ဘယ်ဟာ
ခွဲကာမကြည့်၊ အသိအမှောက်
အနှောင့်ပယောဂ၊ မြင်ရုံမျှဖြင့်
သူပြတာယုံ၊ သူပုံစံထား
သူထားရာနေ၊ သူစေရာသွား
ကိုယ်ကျိုးများနှင့်၊ ဒို့များတိုင်းပြည်
အဓွန့်ရှည်အောင်၊ စွမ်းဆောင်လိုကြောင်း
သံကောင်းဟစ်လည်း၊ သဲကွဲစေရာ
အဖြေရှာတော့၊ သေချာပြည်သူ
မကြည်ဖြူလို့၊ သူဖြူငါမဲ
အတင့်ရဲပြီး၊ မကွဲလျှင်ပင်
တမင်ဝင်၍၊ သူပင်သပ်လျှို
ဖြိုခွဲလိုလဲ၊ ဒို့များသဲက
သံခဲကျောက်စောင်း၊ ထောင်းထောင်းမာနေ
မျိုးချစ်တွေမို့၊ လာလေပုဆိန်ရိုး
သူ့အမျိုးပါ၊ ဒို့မှာရှိထား
မျိုးချစ်ဓားနှင့်၊ ပိုင်းခြားပြီးတိုင်
ဒို့မဏ္ဍိုင်တွက်၊ ဒို့များသက်ကို
စွန့်လျက်နှင့်ပင်၊ ခရီးနှင်မည်
ဒို့ပြည်ရေရှည် တည်ရမည်။

★ ဒါကြောင့်မို့လေ၊ ဒို့တစ်တွေသည်
ကိုယ့်ပြည်သာရေး၊ ကိုယ်တိုင်တွေးလို့
နွေးထွေးမျိုးချစ်၊ အနှစ်ပြည်သူ
ကြည်ဖြူညီညွတ်၊ စွန့်လွှတ်နစ်နာ
ကိုယ့်ပြည်သာတွက်၊ လက်ချင်းယှက်၍
ချစ်လျက်ခင်မင်၊ လမ်းစဉ်(၇)ရပ်
တည့်မတ်စေရေး၊ သမိုင်းပေးကို
ဒို့သွေးရင်းတည်၊ ဒို့တိုင်းပြည်တွက်
ဒို့များဆက်၍ ချီကြလော့။ ။

[နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုလျက်]

မောင်လှသိန်း(သဏ္ဍာတွင်း)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်

(က) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

(ခ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုပေါင်းထိန်းသိမ်းကာကွယ်ရေး။

(ဂ) အောင်မြင်စွာကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေး တို့အတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(င) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား အားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ စွန့်လွှတ်စွန့်စားသည့်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

ပြည်သူ့ဆန္ဒ

✪ သမိုင်းကြောင်းအမှန်၊ ကျွန်မခံတဲ့မျိုးချစ်စိတ်
ရှန်းဖိတ်လင်းလက်၊ ထက်မြက်နိုးကြား
အမျိုးသားရေး၊ သွေးစည်းညီညွတ်
လွတ်လပ်ရေးသည် ပထမ။

✪ သမိုင်းအစဉ်အလာ၊ မြန်မာတို့ရဲ့သတ္တိ
ကမ္ဘာသိတယ်၊ ဖိနှိပ်သူနယ်ချဲ့သမား
ညီညွတ်အားနဲ့တော်လှန်၊ ဖာတိမာန်ရဲရဲ
ခိုင်မြဲတဲ့အဆုံးအဖြတ်၊ ပြတ်သားတဲ့ဦးတည်ချက်
ခရီးဆက်ခဲ့၊ အသက်သွေးချွေး
ပေးဆပ်ရင်းနှီး၊ ကမ္ဘည်းမော်ကွန်း
တည်ထွန်းခဲ့တယ်၊ ခြယ်လှယ်ကျွန်ပြု
ကျူးကျော်မှုမှန်သမျှ၊ လုံးဝလက်မခံ
အဓိဋ္ဌာန်ဖြင့်၊ နိုင်ငံလွတ်လပ်ရေးသည် ဒုတိယ။

✪ နယ်ချဲ့နဲ့ဖက်ဆစ်၊ ကောက်ကျစ်ဖောက်ပြန်
နိုင်ငံလွတ်လပ်ရေး၊ မပေးချင်ကြ
ကျွန်ဘဝတွင်၊ အစဉ်အမြဲ
နှောင်ကြိုးတဲပြီး၊ ငရဲပြည်အလား
ဖိနှိပ်ထားရန်၊ လုပ်ကြံကြစဉ်
ရှင်သန်နိုးကြား၊ အမျိုးသားရေး
သွေးစည်းညီညွတ်၊ လွတ်လပ်ရေးသည် တတိယ။

✪ တစ်မျိုးသားလုံး၊ အုန်းအုန်းကျွက်ကျွက်
တစ်ခဲနက်မျှ၊ တောင်းဆိုကြသည်၊
“မြန်မာ့လွတ်လပ်ရေး၊ ချက်ချင်းပေး”တဲ့
ကြွေးကြော်သံတွေ၊ ပွဲတင်နေခဲ့၊
မိုးမြေသိမ့်သိမ့် ခြိမ့်ခြိမ့်တည်။

✪ သမိုင်းကြောင်းတွင်၊ ကမ္ပည်းတင်ခဲ့
ရှင်သန်နိုးကြား၊ အမျိုးသားရေး၊
သွေး၊ ချွေးပေးဆပ်၊ မြင့်မြတ်တာဝန်၊
ကျေပွန်ကြသည်၊ လွတ်လပ်ပြီလေ၊
ခွန့်ရှည်ကမ္ဘာတိုင်ရမည်။ ။

[နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုလျက်]

ကေတုနီလာ

နှစ်(၆၀)ပြည့်မှ

အနုပညာဦးစီးဌာန မင်္ဂလာဆိုင်းနှင့်စည်တော်အဖွဲ့၊ ရာဇာဝင်းအဖွဲ့နှင့် ညောင်ဦးမြို့နယ် အမှတ်(၁)အခြေခံ ပညာအထက်တန်းကျောင်းမှ ဘင်ခရာနှင့် ပန်းဖွားအဖွဲ့တို့အား ဆုငွေများကိုပေးအပ်သည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က ထူးထရေးဒင်းကုမ္ပဏီ မြန်မာမှု ဗိသုကာပညာရှင် တမ္ပဝတီ ဦးဝင်းမောင်နှင့် ဗိသုကာပညာရှင် ဦးသော်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပုဂံရွှေနန်းတော်ကြီးဖွင့်ပွဲ မစတင်မီ နံနက် ၅ နာရီတွင် နိုင်ငံတော်ဩဝါဒါစရိယ ညောင်ဦးမြို့ တိုက်သစ်ကျောင်းဆရာတော် ဘဒ္ဒန္တဥက္ကံသ အမှူးပြုသော သံဃာတော် ၁၈ ပါးတို့အား ပင့်ဖိတ်၍ ပုဂံရွှေနန်းတော်ကြီး သီဟာသနဆောင်၌ အရဏ်ဆွမ်း၊ ပိဋကတ်သုံးပုံနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

တပ်မတော်သည် နိုင်ငံတော်၏ တာဝန်ကို ယူခဲ့ပြီးနောက် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းရေးလုပ်ငန်းများတွင် ရုပ်ပိုင်းဆိုင်ရာသာမက စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုထိန်းသိမ်းရေးအတွက် အထူးအလေးပေးဆောင်ရွက်လျက်ရှိသည်။ ဒုတိယမြန်မာနိုင်ငံတော်ကြီးကို စည်းရုံးတည်ထောင်ခဲ့သည့် ဘုရင့်နောင်မင်းတရားကြီး၏ ကမ္ဘောဇသာဒီနန်းတော်ကြီးကို ပဲခူးမြို့၌လည်းကောင်း၊ တတိယမြန်မာနိုင်ငံတော်ကြီးကို စည်းရုံးတည်ထောင်ခဲ့သည့် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ ရွှေဘုံရတနာမင်္ဂလာနန်းတော်ကြီးကို ရွှေဘိုမြို့၌လည်းကောင်း၊ မန္တလေးမြို့တည် နန်းတည် မင်းတုန်းမင်းကြီး၏ မြနန်းစံကျော် ရွှေနန်းတော်ကြီးကို မန္တလေးမြို့၌လည်းကောင်း မူဟန်မပျက် ပြန်လည်တည်ဆောက်ခဲ့ပြီးဖြစ်သည်။

ပထမ မြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သည့် အနော်ရထာမင်းတရားကြီး၏ သိရီဇေယျာဘူမိ ပုဂံရွှေနန်းတော်ကြီး မူဟန်မပျက်ဖော်ထုတ်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ကမ္ပည်းကျောက်စာများ၊ သမိုင်းအထောက်အထားများပေါ်တွင် အခြေခံ၍ ရှေးဟောင်းသုတေသနပညာရှင်များက အနော်ရထာမင်းကြီး၏ မူလနန်းတော်ရာကို တူးဖော်သုတေသနပြုခဲ့ကာ ရရှိခဲ့သည့် ပန္နက်အထောက် အထားများ၊ နံရံပန်းချီများ၊ ပုဂံခေတ်ဗိသုကာ လက်ရာများပေါ်တွင် အခြေခံ၍ မြန်မာမှု ဗိသုကာပညာရှင်များက နန်းတော်ကြီး၏ နန်းဆောင်များပုံစံ၊ မြန်မာမှု အမွှမ်းပန်းများပုံစံတို့ကို ဒီဇိုင်းများရေးဆွဲကာ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

တည်ဆောက်ပြီးစီးခဲ့သည့် ရွှေနန်းတော်ကြီးများအနက် ပုဂံရွှေနန်းတော်ကြီးသည် ထည်ဝါခံ့ညားမှု အမြင့်မားဆုံးဖြစ်သည်။ အထူးသဖြင့် ကမ္ဘာတွင် ထင်ရှားကျော်ကြားသော ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသ၌ နိုင်ငံတော်မှ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ထားသည့် ယဉ်ကျေးမှုအမွေအနှစ် သဘာဝမြင်ကွင်းအဆောက်အအုံများနှင့် ခမ်းနားထည်ဝါသည့် ရွှေနန်းတော်ကြီးကို ပုဂံခေတ် မူဟန်အတိုင်း ပြန်လည်ဖော်ထုတ်တည်ဆောက်နိုင်ခဲ့သည့်အတွက် ပြည်ထောင်စုဖွား တိုင်းရင်းသားတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားခြင်း၊ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိမာန်ထက်သန်ခြင်းတို့၏ အထောက်အထားဖြစ်သော အဆောက်အအုံကြီးတစ်ခု ထပ်မံပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"နိုင်ငံတော်၏ လွတ်လပ်ရေးသည် ဆုံးရှုံးရာ၌ ဖျတ်ခနဲဆုံးရှုံးသွားတတ်သော်လည်း ပြန်လည်ရရှိရန်အတွက်မူ အသက်သွေးချွေး မြောက်မြားစွာပေးဆပ်၍ ကြာမြင့်ခက်ခဲစွာ ကြိုးပမ်းရတတ်ကြောင်း"** သတိပေးပြောကြားခဲ့ဖူးသည်။ ထို့ကြောင့် တိုင်းရင်းသားပြည်သူအပေါင်းတို့သည် နိုင်ငံတော်ကြီး၏စည်းလုံးညီညွတ်မှုစွမ်းအား၊ စီးပွားရေးစွမ်းအားနှင့် ကာကွယ်ရေးစွမ်းအားများကို တည်ဆောက်တော်မူခဲ့ကြသော အနော်ရထာမင်းမြတ်၊ ဘုရင့်နောင်မင်းမြတ်နှင့် အလောင်းဘုရားမင်းမြတ်တို့၏ လက်ဆင့်ကမ်းအမွေကိုခံယူကာ နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်အဖြစ် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းတည်ဆောက်ကြရန်နှင့် ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ကြရန်အတွက် ယဉ်ကျေးမှုဝန်ကြီးဌာနက ရွှေနန်းတော်များကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်တို့ သိရီဇေယျာဘူမိ ပုဂံရွှေနန်းတော်ကြီးကို ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

ရွှေမြင့်မိုရ်ဆရာတော် မိုးကုတ်ဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၂

မိုးကုတ် ဝိပဿနာအဖွဲ့ချုပ်မှ ဓမ္မကထိက ရွှေမြင့်မိုရ်ကျောင်းတိုက် ပဓာန နာယက ဆရာတော် ဗဟုဇနဟိတရေ ဘဒ္ဒန္တသောဘဏ (ဒီဃနိကာယကောဝိဒ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ) သည် တောင်ဥက္ကလာပမြို့နယ် (၅) ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ်ကျောင်းတိုက်၌ ဇန်နဝါရီ ၁၈ ရက်မှ ၂၇ ရက်အထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားပြသမည် ဖြစ်သည်။

ယောဂီအသစ်များ ဇန်နဝါရီ ၇ ရက်မှစ၍ စာရင်းပေးသွင်းနိုင်ပြီး ယောဂီအဟောင်းများ ဇန်နဝါရီ ၁၅ ရက် နောက်ဆုံးထား၍ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၅၇၂၁၅၈ သို့ဖြစ်စေ နောက်ဆုံးထား စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

ရန်ကုန်မီဒီယာဂရု(ပ်) တတိယအကြိမ် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂

ရန်ကုန်မီဒီယာဂရု(ပ်)၏ တတိယအကြိမ် နှစ်ပတ်လည်နေ့ ညစာစားပွဲကို ယမန်နေ့ညနေ ၆နာရီခွဲတွင် ရန်ကုန်မြို့ ဟိုတယ်နီကိုးလ်၌ ကျင်းပရာ သတင်းနှင့် ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိသူများ၊ ပြင်ပစာနယ်ဇင်းများမှ တာဝန်ရှိသူများ၊ ရန်ကုန်မီဒီယာဂရု(ပ်)မှ အမှုဆောင်အရာရှိချုပ်နှင့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်မီဒီယာ ဂရု(ပ်) အမှုဆောင်အရာရှိချုပ် ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်) က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပြန်ကြားရေးဝန်ကြီးဌာန စာပေစိစစ်နှင့် မှတ်ပုံတင်ဌာန ညွှန်ကြားရေးမှူး ဦးတင့်ဆွေက ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် ရန်ကုန်မီဒီယာ ဂရု(ပ်)မှ ဝန်ထမ်းများအား ၂၀၀၇ခုနှစ်အတွက် ဆုကြေးငွေများကို အမှုဆောင်အရာရှိချုပ် ဦးကိုကို၊ အမှုဆောင်ဒါရိုက်တာ (စီမံ) ဒေါ်မြတ်မြတ်စိုးနှင့် အမှုဆောင်ဒါရိုက်တာ(မားကက်တင်း) ဦးဝဏ္ဏတို့က ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အကောင်းဆုံးဝန်ထမ်းဆုရရှိကြသူများ၊ အကောင်းဆုံး သတင်းထောက်ဆုရရှိကြသူများ၊ ရက်ပျက်မရှိ ထူးချွန်ဆုရရှိကြသူများနှင့် စီအီးအို မှတ်တမ်းတင်ဆု ရရှိကြသူများအား တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြပြီး ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ရန်ကုန် မီဒီယာဂရု(ပ်)သည် ဖလားဝါးနယူးစ်နှင့် ရန်ကုန်တိုင်း(မ်) ဂျာနယ်များကို အပတ်စဉ်အောင်မြင်စွာ ထုတ်ဝေလျက်ရှိသော ပုဂ္ဂလိကမီဒီယာလုပ်ငန်းတစ်ခုဖြစ်ပြီး ယခု ၂၀၀၈ ခုနှစ်အတွင်း ဂျာနယ်များ အရည်အသွေး ပိုမိုမြင့်မားရေးနှင့် ယင်းဂျာနယ်ဝက်ဘ်ဆိုက် w.w.w.yangon media.com ကိုလည်း ပိုမိုပြည့်စုံ ခေတ်မီစေရန် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အသိပေးကြေညာချက်

၄-၁-၂၀၀၈ရက်နေ့ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ ရန်ကုန်မြို့တော် အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားအား ပြည်သူ့ရင်ပြင်တွင်ကျင်းပစဉ် ကာလအတွင်း ၎င်းနေ့ နံနက် ၄ နာရီမှ ၉ နာရီအထိ ပြည်သူ့ရင်ပြင်ရှေ့ အလုံလမ်းနှင့် ရှင်စောပုလမ်းကြား ပြည်လမ်းမကြီးအား ခေတ္တပိတ်ထားမည်ဖြစ်ပါ၍ ခရီးသွားပြည်သူများအနေဖြင့် ဖော်ပြပါအချိန်အတွင်း အခြားလမ်းကြောင်းမှ ရှောင်ကွင်းမောင်းနှင်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ရန်ကုန်မီဒီယာဂရု(ပ်)၏ တတိယအကြိမ် နှစ်ပတ်လည်နေ့ ညစာစားပွဲတွင် အမှုဆောင်အရာရှိချုပ် ဦးကိုကို ၂၀၀၇ ခုနှစ်အတွက် ဆုကြေးငွေရရှိသူများ၊ အကောင်းဆုံးဝန်ထမ်းဆု၊ သတင်းထောက်ဆု၊ ရက်ပျက်မရှိ ထူးချွန်ဆုနှင့် စီအီးအို မှတ်တမ်းတင်ဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror ထူးခြားဖြစ်စဉ် သတင်းများ

စစ်တွေ-ပေါက်တော ခရီးသည်တင်စက်လှေနစ်မြုပ် ခရီးသည်တစ်ဦးသေ၊ တစ်ဦးပျောက်ဆုံးလျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂

စစ်တွေမြို့မှ ပေါက်တောမြို့နယ် ဘုရားချောင်းကျေးရွာသို့ ဒီဇင်ဘာ ၂၈ ရက် ညနေ ၃ နာရီခွဲခန့်က ထွက်ခွာလာသည့် ခရီးသည်တင်စက်လှေတစ်စင်းသည် ပေါက်တောမြို့နယ် နတ်မြစ်အနောက်ဘက်ကမ်း၌ ကျားပါးစပ်ပိုက်၌ငြိပြီး နစ်မြုပ်ခဲ့သည်။ စက်လှေပေါ်ပါ ခရီးသည် ၁၅ ဦးအနက် ပေါက်တောမြို့နယ် ဖားတူကျေးရွာအုပ်စု အောင်လှပြင်ကျေးရွာ မူလတန်းကျောင်းအုပ်ဆရာမ ဒေါ်မြင့်မြင့်စံ (၃၀)နှစ်မှာ ရေနစ်သေဆုံးခဲ့ကာ အလောင်းကို ဆယ်ယူရရှိခဲ့သည်။

၎င်း၏သမီး မယဉ်မင်းဦး ခြောက်နှစ် (ဘ)ဦးမောင်ဝေသန်းမှာလည်း ပျောက်ဆုံးလျက်ရှိပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ ပေါက်တောရဲစခန်းက (ပ) သတင်းချက်အမှတ် ၂၈၈/၂၀၀၇၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄-က အရ အမှုဖွင့်စုံစမ်းလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လှည်းကူးမြို့နယ်တွင် ကုန်တင်ကားမီးလောင်

ရန်ကုန် ဇန်နဝါရီ ၂

လှည်းကူးမြို့နယ် ကျွန်းကလေးကျေးရွာအုပ်စုရှိ အမှတ်(၂၂၂) တန်တစ်ရာဆန်စက်ရှေ့တွင် ယမန်နေ့ ည ၈ နာရီ ၄၅ မိနစ်ခန့်က ဘုရင့်နောင်ပွဲရုံတန်းမှ စားသောက်ကုန်မျိုးစုံတင်ဆောင်၍ ပဲခူးမြို့သို့ မိုးကျော်(၃၉)နှစ် (ဘ)ဦးသိန်းလွင် နန်းတော်ရာရပ်ကွက် ပဲခူးမြို့နေသူ မောင်းနှင်လာသော ဒိုင်နာအမျိုးအစားယာဉ်သည် ယာဉ်ရှေ့ခေါင်းခန်းအတွင်းမှ ဝါယာရှော့ဖြစ် ပြီး မီးလောင်ကျွမ်းခဲ့ရာ ယာဉ်နှင့်ယာဉ်ပေါ်ပါ စားသောက်ကုန်မျိုးစုံ မီးလောင်ကျွမ်းခဲ့သည်။ မီးလောင်မှုကြောင့် ယာဉ်နောက်လိုက် အောင်မင်းထွန်း (၂၄)နှစ် မှာ ခြေသလုံးမီးလောင်ဒဏ်ရာရရှိခဲ့သည်။ အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ လှည်းကူးရဲစခန်းမှ (ပ) သတင်းချက်အမှတ် ၃/၂၀၀၈၊ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၂၈၅ အရ အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖယောင်းတိုင်မီးမှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဇန်နဝါရီ ၂

ပဲခူးတိုင်း ပဲခူးမြို့ ကျွန်းသာယာရပ်ကွက် မင်္ဂလာလမ်း၌ ဇန်နဝါရီ ၁ ရက် နံနက် ၂ နာရီ မိနစ် ၂၀ က ပျဉ်ထောင်ပျဉ်ခင်း၊ သွပ်မိုးနှစ်ထပ်အိမ်တွင် ဖယောင်းတိုင်မီးမှတစ်ဆင့် မီးလောင်မှုကြောင့် အိမ်တစ်လုံးမီးလောင်ဆုံးရှုံးပြီး အိမ်ထောင်စုတစ်စု အမျိုးသားသုံးဦး၊ အမျိုးသမီးသုံးဦး ပေါင်းခြောက်ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃-၁-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၁၀ ၆။ မအီချောင်းတံတား
၈:၁၅ ၇။ အကပဒေသာ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Let's Go.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Every day Use
၄:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု)(ရုက္ခဗေဒ)
၅:၀၀ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅:၁၅ ၆။ တေးဂီတအစီအစဉ်
၅:၃၀ ၇။ နှစ်(၆၀)ပြည့်လွတ်လပ်ရေးနေ့ဂုဏ်ပြုအစီအစဉ်
၅:၄၅ ၈။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၁။ တေးဂီတအစီအစဉ်
၆:၅၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေးတတိယချစ်ပုံပြင်" (အပိုင်း-၃၂)**
၇:၃၀ ၁၃။ အချုပ်အခြာအာဏာခွန့်ရှည်ကြာခိုင်မာစေမှုဒို့ရှေ့ရှု **"ကွန်ရက်အလားဖြန့်ကြက်ထား ကျေးလက်လမ်းနှင့် တံတားများ"**
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူများ"(အပိုင်း-၁၅)**
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

(၁၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဂျူဒိုပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂

၂၀၀၇ခုနှစ် (၁၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဂျူဒိုပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပသည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကိုဆက်လက်ကျင်းပရာအတန်းအလိုက်ပြိုင်ပွဲတွင် ဆုရရှိသူများအား အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်မှ တာဝန်ရှိသူများက တစ်ဦးချင်းဆုများကို အလှည့်ကျ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်း ကော်မတီ အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ် ငါးခုဖြင့် တတိယရရှိသော ကရင်ပြည်နယ်၊ ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်သုံးခုဖြင့် ဒုတိယရရှိသော မွန်ပြည်နယ်တို့အားလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် နာယက ဒေါ်ရွှေသက်က အမျိုးသားပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခုဖြင့် တတိယရရှိသော ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ် သုံးခုဖြင့် ဒုတိယရရှိသော ကချင်ပြည်နယ်တို့အား ဆုများကိုပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းက ပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမားဆုရရှိကြသော အမျိုးသမီးပြိုင်ပွဲ (၄၈)ကီလိုအောက်မှ ဆဲလ်ဝီး(ဧရာဝတီတိုင်း)နှင့် အမျိုးသားပြိုင်ပွဲ(၄၅)ကီလိုအောက်မှ နေလင်းထွန်း(ကချင်ပြည်နယ်)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမျိုးသမီးပြိုင်ပွဲတွင် ရွှေတံဆိပ်ခြောက်ခု၊ ကြေးတံဆိပ် တစ်ခုဖြင့် ပထမရရှိသော ရန်ကုန်တိုင်း၊ အမျိုးသားပြိုင်ပွဲတွင် ရွှေတံဆိပ် လေးခု၊ ငွေတံဆိပ် ငါးခုဖြင့် ပထမရရှိသော ရန်ကုန်တိုင်းနှင့် ရွှေတံဆိပ် ဆယ်ခု၊ ငွေတံဆိပ်ငါးခုနှင့် ကြေးတံဆိပ်တစ်ခုဖြင့်ပထမရသောရန်ကုန်တိုင်းအသင်းအား စွယ်စုံတံခွန်စိုက်ဒိုင်းဆုများနှင့် ဆင့်ပွားဒိုင်းဆုများကို ပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်က ယခုပြိုင်ပွဲတွင် ပထမဆု ငွေကျပ်ငါးထောင်၊ ဒုတိယဆု ငွေကျပ် သုံးထောင်၊ တတိယဆု ငွေကျပ်နှစ်ထောင်၊ အကောင်းဆုံးအားကစားသမားဆုရရှိကြသော နှစ်ဦးအား ငွေကျပ်တစ်သောင်းစီ၊ ပြိုင်ပွဲဝင်အားကစားသမားမောင်မယ်များအတွက် တစ်ရက်လျှင် ငွေကျပ် ငါးရာကျပ်နှုန်းဖြင့် သုံးရက်အတွက်စားစရိတ်ငွေကျပ် နှစ်သိန်း ခြောက်သောင်းလေးထောင် စုစုပေါင်းငွေကျပ် ခြောက်သိန်း လေးသောင်းနှစ်ထောင်ကို ပံ့ပိုးကူညီပေးကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် စွယ်စုံတံခွန်စိုက် ဒိုင်းဆုကြီး ဆွတ်ခူးသွားသော ရန်ကုန်တိုင်း ဂျူဒိုအသင်းအား ဒိုင်းဆုကြီးချီးမြှင့်စဉ်။ (အား/ကာ)

အသံမစဲ အဘိဓမ္မာ(၇)ကျမ်း ရွတ်ဖတ်ပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂

ဗုဒ္ဓသာသနာတော်ကြီးတည်တံ့ပြန့်ပွားစေရန်နှင့် ကမ္ဘာသူ ကမ္ဘာသားအားလုံး ဘေးရန်ခပ်သိမ်း ကင်းငြိမ်း၍ နှလုံးစိတ်ဝမ်း အေးချမ်းကြစေရန် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီး၏ သြဝါဒါစရိယ ဆရာတော်ကြီးများထံမှ သြဝါဒကိုခံယူကာ နာယက ဆရာတော်ကြီးများနှင့် ဂေါပကလူကြီးများ၊ စေတနာရှင်များပူးပေါင်း၍ နှစ်စဉ် ကျင်းပမြဲဖြစ်သော (၂၈)ကြိမ်မြောက် အသံမစဲ အဘိဓမ္မာ ခုနစ်ကျမ်း ရွတ်ဖတ်ပူဇော်ပွဲကို ဇန်နဝါရီ ၁၃ရက်မှ ၂၂ရက် အထိ ၁၀ရက်တိုင်တိုင် ပူဇော်ကြမည်ဖြစ်သည်။ လှူဒါန်းလိုသူများသည် ဂေါပကအဖွဲ့ရုံး ဖုန်း-၀၁-၂၉၀၄၂၅ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကြေးပိဋကတ်တော်သင်ရိုးအုပ်ရေ ၂၀ ရေးထိုးပြီးမြောက်ခြင်း အထိမ်းအမှတ် ရေစက်ချမင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂

ကြေးပိဋကတ်တော်ပြုလုပ်လှူဒါန်းရေးဦးဆောင်ဆရာတော် ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်း ကျောင်းတော်ရာ ရွှေကျင်တိုက် မင်္ဂလာတိုက်ကျောင်း ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ)နှင့် ပါရမီအလှူရှင် ၂၉၄၃ ဦးတို့၏ ကြေးပိဋကတ်တော် သင်ရိုးအုပ်ရေ ၂၀ ရေးထိုးပြီးမြောက်ခြင်း အထိမ်းအမှတ် ရေစက်ချမင်္ဂလာအခမ်းအနားကို ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၃၀ ရက် နံနက် ၉ နာရီတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပရာ ဆရာတော်ထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဗဟန်းမြို့နယ် ဘီအိုစီပိဋကတ်တိုက်ကျောင်းဆရာတော်ဘဒ္ဒန္တစန္ဒဝရ (မဟာဂန္ထဝါစကပဏ္ဍိတ)က ကြေးပိဋကတ်တော်ရေးထိုးလှူဒါန်းပူဇော်ရခြင်းအကျိုးကျေးဇူးကိုလည်းကောင်း၊ သဃ်န်းကျွန်းမြို့နယ် နန္ဒာရာမစာသင်တိုက်ဆရာတော်ဘဒ္ဒန္တနာဂိဿရ (ဓမ္မကထိက)က ပိဋကတ်တော်ပူဇော်လာခဲ့ကြသည့် ရှေးဟောင်း သမိုင်းအထောက်အထားများအကြောင်းကိုလည်းကောင်း ရှင်းလင်းမြွက်ကြားတော်မူသည်။

ထို့နောက်ကြေးပိဋကတ်တော်ပြုလုပ်လှူဒါန်းရေးဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏထံမှ ပရိသတ်များက ရေစက်ချအနုမောဒနာတရားနာယူကြပြီး ရေစက်သွန်းချအမျှပေးဝေကြသည်။ **(အပေါ်ပုံ)**

(က-ပ)

မျိုးဆက်သစ် လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးကြပ်၍မြန်မာဂေါက်သီးရိုက်အသင်းက ကြီးမှူးကျင်းပသော ၂၀၀၇ ခုနှစ် အဋ္ဌမအကြိမ်မြောက် မျိုးဆက်သစ် လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်သည့် အခမ်းအနားကို ဒီဇင်ဘာ ၂၈ရက်မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ ဂေါက်သီးရိုက်အသင်း ကိုးမိုင်၌ ကျင်းပသည်။

ဗိုလ်လုပွဲများအပြီး၌ ဆုချီးမြှင့်သည့်အခမ်းအနားကိုကျင်းပရာ အလှူရှင်များကိုယ်စား ဒေါ်လွင်လွင်အောင်က အမျိုးသမီး အသက်(၁၀-၁၈)နှစ် အတန်းပြိုင်ပွဲတွင် စတုတ္ထရရှိသော ကေသန့်ဇင်၊ တတိယရရှိသော မေဦးခိုင်၊ ဒုတိယရရှိသော ယဉ်မေမျိုးနှင့် ပထမရရှိသော မေလီ တို့အားလည်းကောင်း၊ ဦးစောရန်နိုင် (TAYLOR MADE)က အမျိုးသား အသက် (၁၀-၁၂)နှစ် အတန်းပြိုင်ပွဲတွင် ပဥ္စမရရှိသော ဇေယျာဝင်း၊ စတုတ္ထရရှိသော ဘရန်ဒန်၊ တတိယရရှိသော ခွန်အောင်မြတ်၊ ဒုတိယရရှိသော ဝေယံလင်းနှင့် ပထမရရှိသော စည်သူရဲရင့်တို့အားလည်းကောင်း၊ မြန်မာဂေါက်သီးရိုက်အသင်း အတွင်းရေးမှူး ဦးမြင့်စိုးက အမျိုးသားအသက်(၁၃-၁၅) နှစ် အတန်းပြိုင်ပွဲတွင် ပဥ္စမရရှိသော ကောင်းမိုးထွန်း၊ စတုတ္ထရရှိသော အောင်ကျော်လင်း၊ တတိယဆုရရှိသော မောင်ကောင်းခန့်၊ ဒုတိယရရှိသော ရဲဇော်အောင်နှင့် ပထမရရှိသောရဲလွင်ဦးတို့အားလည်းကောင်း ဆုများကို အလှည့်ကျပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်က အမျိုးသားအသက် (၁၆-၂၀)နှစ် အတန်းပြိုင်ပွဲတွင် နှစ်ရက်ပေါင်း ၁၆၃ ချက်ဖြင့် ပဥ္စမရရှိသော ဇင်မင်းသူ၊ နှစ်ရက်ပေါင်း ၁၆၁ ချက်ဖြင့် စတုတ္ထရရှိသော အောင်အောင်၊ နှစ်ရက်ပေါင်း ၁၅၉ချက်ဖြင့် တတိယရရှိသော မင်းသူရအောင်၊ နှစ်ရက်ပေါင်း ၁၅၅ ချက်ဖြင့် ဒုတိယရရှိသော ထွန်းထွန်းနှင့် နှစ်ရက်ပေါင်း ၁၄၈ ချက်ဖြင့် ပထမရရှိသော ကောင်းထူးအောင်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါပြိုင်ပွဲတွင် POINT GOLF GEAR FACTORY က ဆုတံဆိပ်များကို ကူညီပံ့ပိုးပြီး SRIXON, TAYLOR MADE, K.M Golf Centreတို့က ပြိုင်ပွဲအတွက် ဂေါက်သီးပစ္စည်းများကို ကူညီပံ့ပိုးကာ ဦးဝင်းမြင့်ချင်း၊ ဦးသန်းမြင့် (CHIN SU MYANMAR CO.,LTD)နှင့် ဦးခွန်မြတ်တို့က အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။ မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Han Event Managementနှင့် M.G.C Handicap and Tournament ကော်မတီတို့ကတာဝန်ယူဆောင်ရွက်ပေးသည်။

(ကြေးမုံ)

မြန်မာခရစ်ကက် အားကစားနည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂

ရန်ကုန်မြို့သို့ ရောက်ရှိနေသော Asian Cricket Council(ACC)မှ Cricket Development Officer, Mr.Mohammad Aminul Islam နှင့် မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်မှ တာဝန်ရှိသူများတွေ့ဆုံ၍ မြန်မာနိုင်ငံ ခရစ်ကက် အားကစားနည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကို ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၂၉ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်၌ ကျင်းပသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညွန့်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်က မြန်မာနိုင်ငံတွင် ခရစ်ကက်အားကစားနည်း ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာအဆင့်မြင့်ပြိုင်ပွဲများတွင် ပါဝင် ယှဉ်ပြိုင်နိုင်ရေးကိုလည်းကောင်း၊ မြန်မာခရစ်ကက်အားကစား နည်းပြဆရာ ဦးမိုက်ကယ်မူဆာဂျီက အဆင့်မြင့်ခရစ်ကက်နည်းပြဆရာ ရရှိရေးနှင့် နိုင်ငံတကာ ပြိုင်ပွဲများတွင် ပိုမိုပါဝင်ယှဉ်ပြိုင်ရေးကိုလည်းကောင်း တင်ပြဆွေးနွေးကြရာ ACC မှ Cricket Development Officer,Mr.MohammadAminul Islam က မြန်မာခရစ်ကက်အားကစားနည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ACC ကိုအသေးစိတ်အစီရင်ခံပြီး ACC က ပံ့ပိုးကူညီထောက်ပံ့နိုင်ရေးအတွက် လည်းစွမ်းဆောင်ပေးသွားမည်ဖြစ်သည်။

ထို့နောက် မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။

(အပေါ်ပုံ) (သတင်းစဉ်)

ဒီပါပညာရည်ချွန်ဆုပေးပွဲနှင့် အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂

ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် ဝက်ခြံဂရက် အခြေခံပညာအထက်တန်းကျောင်းခွဲ၏ ဒီပါပညာရည်ချွန်ဆုပေးပွဲနှင့် စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)တွင်အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများသည် ဝက်ခြံ ဂရက် ကျောင်းဆရာတော် ရှင်ကုဏ္ဍလ ဖုန်း-၀၄၆-၄၀၃၇၁၊ ဒေါ်စောညွန့် (ကျောင်းအုပ်ဆရာမကြီး) နှင့် ဒေါ်စန်းနွဲ့ (အာစရိယပူဇော်ပွဲနှင့် ဒီပါပညာရေးအလှူရှင်) ဖုန်း-၀၁-၆၄၁၂၅၆ တို့သို့ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လူထုအားကစားလ စုပေါင်းလမ်းလျှောက်

ဖျာပုံ ဇန်နဝါရီ ၂

ဖျာပုံခရိုင် ဖျာပုံမြို့ ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ (နောက်ဆုံးပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၅ နာရီတွင် ပြည်သူ့အားကစားကွင်းစုရပ်၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးချစ်နှင့်ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးမြင့်ဇော်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူ၊ ပြည်သူအင်အား ၁၂၀၀၀ ကျော်တို့က ဖျာပုံတံတားအထိ စုပေါင်းလမ်းလျှောက်ကြကြောင်း သိရသည်။

(အပေါ်ပုံ) **(က-ပ)**

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃-၁-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈:၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၂၀	၃။	အမျိုးသားရေးတေးကဗျာ
၄:၃၀	၄။	မြန်မာသံစဉ်ချိုနှားဝင်
၄:၄၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၅:၀၀	၆။	အမျိုးသားရေးတေးကဗျာ
၅:၂၀	၇။	ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅:၃၀	၈။	မြတ်နိုးကြစေ အမျိုးသားအမွေ
၅:၄၅	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	နိုင်ငံတကာသတင်း
၆:၂၀	၁၂။	**ကာတွန်းအစီအစဉ် "ငါးကလေးရဲ့စွန့်စားခန်း" (အပိုင်း-၁၀)**
၆:၃၅	၁၃။	အမျိုးသားရေးတေးကဗျာ
၆:၄၀	၁၄။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ပုံရိပ်ပမာ (အပိုင်း-၅၈)**
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
	၂၁။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သိမ်းငှက်သူရဲကောင်း(ဒုတိယတွဲ) (အပိုင်း-၂၀)**
	၂၃။	သင့်အတွက်မနက်ဖြန်
	၂၄။	အပိတ်နှုတ်ဆက်စကား
	၂၅။	ပြီးပါပြီ။

Eco Tourism & Trekking , January (5 / 6) One Night Two Days
ဖိုးကျား ဆင်စခန်း (အဆင့်မြင့်)ခရီးစဉ်
ဆင်ပြကွက်တွေကြည့်မယ်၊ ဆင်စီးမယ်၊ ချောင်းကမ်းနံဘေးက ဆင်ဦးစီးရွာတွေသွားကြမယ်။
ယမုနာ / မြနံသာဦး / Asia Green ခရီးသွားလုပ်ငန်းများ၏ ပူးပေါင်းအစီအစဉ်
အမှတ် (၉)၊ အင်ပူလမ်း၊ စမ်းချောင်း။ 01505829 , 095021498

O.B.F Language School
SAYA-TONY
အင်္ဂလိပ်စကားပြန်ဟောင်း
ဘာသာပြန်ဆရာ(SHELL)
IELTS/EFB (English for Business UK)
- Spoken English Course
- Grammar & Essay Writing Course
- All Round Development (4 Skills)
- Foreign Going English Course
တန်းခွဲသစ်များ စတင်လက်ခံနေပါပြီ
အမှတ်(၉၁)၊ပထမထပ်၊ ဗိုလ်ဆွန်ပက်လမ်း(မောင်ထော်လေးလမ်း)၊ အောက်ဘလောက်၊ပန်းဘဲတန်းမြို့နယ်။ ဖုန်း-၂၅၀၃၄၀

လက်ထပ်ပြီးစီးခြင်း

မန္တလေးမြို့၊ ၈၅ လမ်း၊ ၃၄x၃၅ လမ်းကြား၊ အကွက် (၅၅၀)၊
ချမ်းအေးသာစံမြို့နယ်နေ
ဦးအောင်သိန်း-ဒေါ်စန်းရှင်တို့၏ သားထွေး
မောင်ဇော်လင်းအောင်
B.E (Civil)၊ **အလုပ်ရုံခွဲမှူး**
အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းစက်ရုံ
နှင့်
ကျောက်ဆည်မြို့၊ ဘောဂဝတီရပ်နေ
ဦးဘရွှေ-ဒေါ်တင်လှိုင်တို့၏သမီး
မဇာဇာလှိုင်
B.C.Sc (Computer Science)
အလုပ်ရုံစုမှူး၊ စက်ဘီးစက်ရုံ (ကျောက်ဆည်)
တို့သည် ၂၈-၁၂-၂၀၀၇ရက်နေ့တွင် နှစ်ဖက်သောမိဘများနှင့်တကွ ကျောက်ဆည်မြို့ တရားရုံးတွင် မြို့နယ်တရားသူကြီးရှေ့မှောက်၌ လက်ထပ်ပြီးစီးပါကြောင်း။ **နှစ်ဖက်သော မိဘများနှင့် မောင်ဇော်လင်းအောင်-မဇာဇာလှိုင်**

လက်ထပ်မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မဟာဗန္ဓုလပန်းခြံလမ်း၊ အမှတ်(၃၃၂/၁၅)နေ
ဦးမျိုးဆွေ-ဒေါ်တင်စိုးတို့၏သားကြီး
မောင်စိုးဝေဖြိုး
Diploma in Information Technology
Fuji Computer College
(J.spoon Software Company, Japan)
နှင့်
မန္တလေးမြို့နေ (ဦးငွေတင်)-အဂ္ဂမဟာသီရိသုဓမ္မသီင်္ဂီ ဒေါ်ဆယ်နှင့် (ဦးတင်အောင်မြင့်)-ဒေါ်ခင်ရီရီစံတို့၏မြေး၊
ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ခပေါင်းလမ်း၊ အမှတ်(၁၀-A)နေ
ဦးမြင့်သန်း-ဒေါ်တင်မာမြင့်(Thazin Garden Hotel, Bagan) တို့၏သမီး
မသဇင်မြင့်
B.A(Business Management)
Webster University(Thailand)
Diploma in Diamond Grading
(Gemological Institute of America)

တို့၏ ၉-၆-၂၀၀၇နေ့တွင် Traders Hotel (တကောင်းကုန်းဘောင်ခန်းမ)၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ ၁၀-၁၂-၂၀၀၇နေ့ Sedona Hotel (Grand Ballroom)၌ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဦးမြတ်သင်းအောင် (ဘဏ္ဍာရေးမှူး၊ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်)နှင့် အဂ္ဂမဟာသီရိသုဓမ္မသီင်္ဂီ ဒေါ်ခင်မြင့်မြင့်(ဥက္ကဋ္ဌ၊ မြန်မာအမျိုးသမီးစွမ်းဆောင်ရှင်များအသင်း)၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးသော ဦးမျိုးဝေနှင့် ဒေါ်အေးအေးလွင်(ရောဝတီတိုင်း၊ ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ)၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ နှစ်ဖက်ဆွေမျိုး မိတ်သင်္ဂဟများ၊ မင်္ဂလာလက်ဖွဲ့ပစ္စည်းပေးပို့ချီးမြှင့်ပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော် ပေးသီချင်း သီဆိုပေးသောဒေါ်ရီရီသန့်၊ မင်္ဂလာပန်းကြဲပေးသောမသက်ချိုဇင်၊ မကြည်သာမင်းမွန်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မသိန်းသိန်းအေးနှင့် မခင်သစ္စာစိုး၊မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးသော သမီးငယ် Miss Kamonchanok Cherddararat၊ သတို့သားအရံ မောင်မြင့်ဟန်၊ မောင်စိုးထိုက်၊သတို့သမီးအရံမရီမာမင်းမွန်၊ မယုယုဝင်းထင်၊ မင်္ဂလာတေးသံသာဖြင့် ဧည့်ခံတင်ဆက်ပေးကြသော စန္ဒရားကွန်းဇော်တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ Sedona Hotelမှ Managerနှင့်ဝန်ထမ်းများ၊ ၁၀-၁၂-၂၀၀၇နေ့တွင် မင်္ဂလာညစာစားပွဲကို Traders Hotel(Myanmar Ballroom)တွင် တေးသံသာဖြင့် ဖျော်ဖြေပေးသော The Aces တေးဂီတအဖွဲ့၊ အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသောမမြရတနာမိုး၊ လက်ဝတ်ရတနာများဆင်ပေးသော အဘွားအဂ္ဂမဟာသီရိသုဓမ္မသီင်္ဂီ ဒေါ်ဆယ်နှင့် အန်တီမာမာ၊ မင်္ဂလာဝတ်စုံအလှ ဆင်ပေးသော မမဉ္ဇူနှင့် Forever Wedding Studio၊ ပန်းကြံနှင့်အရံဝတ်စုံအလှဆင်ပေးသော ဒေါ်ဥမ္မာမြင့် (Eastern Rose Fashion)၊ မိတ်ကပ်နှင့်ဆံပင်အလှဆင်ပေးသောစိုးစိုး၊ မင်္ဂလာအခမ်းအနားပန်းအလှဆင်ပေးသော လင်းလင်း၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးသော ကိုဝဏ္ဏခွာနီးနှင့်အဖွဲ့၊ စိုင်းဘုန်းထူးနှင့်အဖွဲ့၊ မင်္ဂလာပွဲ ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြသူများ၊ ကျေးဇူးတင်ထိုက် သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်စိုးဝေဖြိုး-မသဇင်မြင့်

Central Link Languages Training Center
တရုတ်စကားပြော "အထူး" သင်တန်း
We are Shareing to knowledge
သင်တန်းချိန်
တစ်ပတ် ၄ ရက် (Mon to Thur) 8 ပတ်
တစ်ပတ် ၂ ရက် (Sat to Sun) 12 ပတ်
10 % Dic
Ph: 09-5042805, 09-5178007, 09-5188957

သင့် ရင် ဘွေးနာမည် လှ လှ ရွေးလိုက်ကြ
ဆရာကြီးရာဇာဇော်ဝင်း(LL.B.)
724248,394727,09-51-23509

ပြည့်ဝ

အလျူမီနီယံနှင့်မှန်အမျိုးမျိုး

- အသင့်ခင်းပါကေး (Laminated Floor) အမျိုးမျိုးရနိုင်ပါသည်။
- အဆင့်မြင့် Ready made တံခါးအမျိုးမျိုး၊
- Stainless Steel တံခါးအမျိုးမျိုးနှင့် ကြေးတံခါးအမျိုးမျိုးရနိုင်ပါသည်။
- ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ အိမ်အလှဆင်လုပ်ငန်းရှင်များ၊ တစ်ဆင့်ပြန်လည်ရောင်းချသူများ ဆက်သွယ်ပါ။ အကောင်းဆုံးအရည်အသွေးနှင့် အသက်သာဆုံးဈေးနှုန်းနှင့် ရနိုင်ပါသည်။

အမှတ်(၂၈၅)၊အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမီးပွိုင့်အနီး၊ အလုံမြို့နယ်၊
ဖုန်း-၀၁-၂၁၅၇၈၇၊၀၁-၇၀၁၀၂၉(ဈေးနှုန်းစုံစမ်းနိုင်ပါသည်။)

မေွးနေ့မင်္ဂလာဆုတောင်း

ဦးကိုကိုအောင် (Executive Director)
MOON RAY COMPANY LIMITED
ချစ်ခင်ပွန်း **အောင်** ရဲ့ ၃-၁-၂၀၀၈ရက်နေ့တွင် ကျရောက်သော **"(၃၇)နှစ်ပြည့် မွေးနေ့မင်္ဂလာ"** ရက်မြတ်မှသည် အသက်ရာကျော်တိုင် ချစ်ဇနီး၊ ချစ်သားနှင့်အတူ ကျန်းမာ၊ ချမ်းသာပျော်ရွှင်မှုများစွာဖြင့် ဘဝခရီးမှာ အောင်မြင်မှုများစွာနှင့် လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်ဇနီး ➾ **နီလာထွန်း(ခ)နီလာ**
ချစ်သား ➾ **ကောင်းစည်သူ(ခ)ကောင်းကောင်း၊ ဒဂုံ(၂) (Grade-6A)**

စစ်ပြီးခေတ် ဟိုက်စကူးကျောင်း အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၂

ကျောင်းတော်ကြီး ဟိုက်စကူး၊ စင်ထရယ်၊ အထက(၁)လသာ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၇ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်သည်။ သို့ဖြစ်ပါ၍ ဖြစ်မြောက်အောင်မြင်ရေး အစည်းအဝေးကို ဇန်နဝါရီ ၁၃ ရက် (တနင်္ဂနွေနေ့) မွန်းတည့်၁၂နာရီတွင် အထက(၁) လသာ၌ ပြုလုပ်မည်ဖြစ်ရာ ကျောင်းသူ၊ ကျောင်းသားများအား တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တိုက်ခန်းသစ်ရောင်းမည်

ဗဟန်း လမ်းမတန်း မြေညီထပ်နှင့် တတိယထပ် အဆင့်မြင့်ပြင်ဆင်ပြီး နှစ်သစ်အထူးလျှော့ဈေးနှုန်းဖြင့် အမြန်ရောင်းမည်။
ဖုန်း-၅၄၅၃၉၅၊ ၅၄၅၃၉၆၊ ၀၉၉၉-၂၄၃၆၃

ကျေးဇူးဆပ်ပါမည်

ကျွန်တော်တို့၏ PP No-340068၊ PP No-847328၊ PP No-705795၊ PP No-339937 စာအုပ်(၄)အုပ်နှင့် ငွေအချို့ Taxi ပေါ်တွင်ပါသွားပါသဖြင့် တွေ့ရှိပါက Ph No-296958, 710428, 09-5139096 သို့ဆက်သွယ်ပေးပါရန်။ **ကျော်မင်းဦး**

ကျေးဇူးဆပ်ပါမည်

ကျွန်မ မကျိန်းပျန်းတီး၏နိုင်ငံကူးလက်မှတ်အမှတ်(၅၇၄၅၃၅)သည်ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါကအောက်ပါဖုန်းနံပါတ်သို့အကြောင်းကြားပါရန်။ **ဖုန်း ၀၉-၂၀၀၄၆၀၈**

မူးယစ်ဆန့်ကျင် အောင်ပွဲဆင်

စွမ်းအင်ဝန်ကြီးဖလား ကျေးရွာ/ ရပ်ကွက်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂

၂၀၀၇-၂၀၀၈ခုနှစ် စွမ်းအင်ဝန်ကြီးဖလား စတုတ္ထအကြိမ် ကျေးရွာနှင့် ရပ်ကွက်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ၂ရက်က ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် အောင်ဆန်းသူရိယလှသောင်း မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးစိန်တင်ဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများ တက်ရောက်ကြသည်။ ထို့နောက် ပွဲဦးထွက် ပွဲစဉ်အဖြစ် သုံးခွအသင်းနှင့် တော်ကူးအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။ အဆိုပါပြိုင်ပွဲသို့ ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာများမှ အသင်း ၁၂သင်း ယှဉ်ပြိုင်ကစားကြပြီး ပြိုင်ပွဲများကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

တာမွေမြို့နယ် တာမွေကြီး(ခ)ရပ်ကွက်လုံးဆိုင်ရာ တာမွေဓမ္မာရုံ နှစ်ကျိပ်ရှစ်ဆူ မြတ်စွာဘုရားများ လှည့်လည်ပူဇော်ခံပွဲဖွင့်ပွဲကို ဒီဇင်ဘာ ၂၃ ရက်က ယင်းဓမ္မာရုံမဏ္ဍပ်ရှေ့၌ကျင်းပရာ တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်မောင်ဝင်းနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်ဆန်းကြွယ်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(က-ပ)

ဘောလုံး ဒိုင်လူကြီးသင်တန်း ဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ဘောလုံးဒိုင်လူကြီးသင်တန်းကို ဖေဖော်ဝါရီ ဒုတိယပတ်တွင်ဖွင့်လှစ်မည်ဖြစ်ရာ အသက်(၂၅)နှစ်မှ (၃၀)နှစ်ကြား ပညာအရည်အချင်း (၁၀)တန်းနှင့်အထက်ရှိသူများ တက်ရောက်နိုင်ကြောင်း၊ သင်တန်းဝင်ခွင့်ပုံစံများကို ဘောလုံးအဖွဲ့ချုပ် ဒိုင်လူကြီးကော်မတီဌာနတွင် ထုတ်ယူနိုင်ကြောင်း၊ သင်တန်းအောင်မြင်ပါက မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တွင် ဒိုင်လူကြီးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်ဖြစ်ကြောင်းနှင့် မျက်မှန်တပ်ဆင်ထားသူများ လက်ခံမည်မဟုတ်ကြောင်း သိရသည်။

(ကြေးမုံ)

မြန်မာအိုးပင်း စစ်တုရင် လက်ရည်စစ်ပြိုင်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂

မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် မြန်မာအိုးပင်း လက်ရည်စစ် စစ်တုရင်ပြိုင်ပွဲကို ဇန်နဝါရီ၂၀ရက်မှ ၃၀ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ဇန်နဝါရီ၁၈ရက် နောက်ဆုံးထား၍ အောင်ဆန်းကွင်းအထူးတန်းရှိ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ရုံးခန်းမ၌ စာရင်းပေးသွင်းနိုင်သည်။ လက်ရည်စစ်အောင်မြင်သူများသည် ၂၀၀၈ ခုနှစ် အမျိုးသားတံခွန်စိုက်စစ်တုရင်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

ရန်ကုန်တက္ကသိုလ် ဘူမိဗေဒအထူးပြု အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂

ရန်ကုန်တက္ကသိုလ် ဘူမိဗေဒအထူးပြု (၁၉၈၂-၁၉၈၃)ခုနှစ်တွင် စတင်တက်ရောက်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဇန်နဝါရီ ၄ ရက် သောကြာနေ့ (လွတ်လပ်ရေးနေ့) နံနက် ၉ နာရီမှ ၁၁နာရီအထိ တက္ကသိုလ်များဓမ္မာရုံ၌ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ကျောင်းသူဟောင်းများ ဖိတ်စာရသည်၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန်နှင့်အလှူငွေနှင့်ပစ္စည်းများလှူဒါန်းလိုသူများသည် ကိုမြတ်လှိုင် ဖုန်း-၀၉၅-၀၀၄၄၆၇၊ သိန်းထွန်း ဖုန်း-၀၉၅-၁၇၅၉၁၇၊ ဝင်းဇော်ရှိန် ဖုန်း-၇၂၂၉၈၉၊ ၆၄၃၇၀၅၊ သိန်းစိုး ဖုန်း-၇၀၇၇၃၆၊ ခိုင်စိုး ဖုန်း-၀၉၅-၀၁၇၆၉၅၊ လှမော် ဖုန်း-၀၉၅-၀၀၈၈၃၀၊ ဖြူဖြူရွှေ ဖုန်း-၀၉၅-၁၂၇၃၈၇၊ ဂါဂါနီသန်းလှိုင် ဖုန်း-၀၉ ၉၈၂၄၄၉၃၊ ပွင့်သွယ်ဝင်း ဖုန်း-၀၉ ၉၉၇၀၆၇၅၊ ဝင်းမြင့် ဖုန်း-၀၉၅-၁၂၈၇၅၅တို့သို့ ဆက်သွယ်စုံစမ်း လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်
☆ အေးချမ်းမှုကို လိုလားသည်
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများ ကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေ အနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက် အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

မကွေးတိုင်း ပွင့်ဖြူမြို့နယ်တွင် မဲဇလီတံတား ဖွင့်ပွဲကျင်းပ ပုသိမ်-မုံရွာလမ်း(မြောက်ပိုင်း)တွင် အဓိကတံတားတစ်စင်းဖြစ် ဧရာဝတီမြစ် အနောက်ဘက်ဒေသများဖွံ့ဖြိုးရေး အထောက်အကူပြု

နေပြည်တော် ဇန်နဝါရီ ၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့(၃)က တာဝန်ယူ၍ မကွေးတိုင်း မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ပုသိမ်-မုံရွာလမ်း (မြောက်ပိုင်း) မိုင်တိုင်အမှတ်(၁၃၆/၆)၌ မုန်းချောင်းကိုဖြတ်၍ တည်ဆောက်ပြီးစီးသည့် မဲဇလီတံတား ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

အစီအစဉ်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် စောထွန်းက တံတားတည်ဆောက်ပေးရခြင်းနှင့် တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားရာတွင် ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသများ ဆက်သွယ်သွားလာနိုင်စေရန် ဧရာဝတီမြစ်ကူး တံတားကြီးများဖြစ်သည့် ဗလမင်းထင်တံတား၊ မကွေးတံတား၊ ဗိုလ်မြတ်ထွန်းတံတား စသည့်တံတားကြီးခုနစ်စင်းကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီး ရှစ်စင်းမြောက်ဖြစ်သည့် ဧရာဝတီတံတားရတနာပုံကိုလည်း မကြာမီဖွင့်လှစ်ပေးနိုင်တော့မည်ဖြစ်ကြောင်း။

တစ်နိုင်ငံလုံးအနေနှင့် ဤမဲဇလီတံတားအပါအဝင် ပေ ၁၈၀ နှင့် အထက် တံတားကြီးပေါင်း အစင်း ၂၁၀ တည်ဆောက်ပေးပြီးဖြစ်ကြောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့မီးရထားနှင့် တပ်မတော်မှ ဆောက်လုပ်ခဲ့သည့် တံတားများအပါအဝင်ဆိုလျှင် တံတားအစင်း ၂၃၀ ရှိပြီးဖြစ်ကြောင်း။

ယခုဆိုလျှင် မကွေးတိုင်းအတွင်း ပေ ၁၈၀နှင့်အထက် တံတားကြီးပေါင်း ၁၆ စင်း၊ပေ ၁၀၀ မှ ၁၈၀ အထိ ငါးစင်း၊ ပေ ၂၀ မှ ပေ ၁၀၀ အတွင်း အစင်း ၁၀၀ တည်ဆောက် **စာမျက်နှာ ၆ ကော်လံ ၁ သို့** ❁

နှစ်(၆၀)ပြည့် လွတ်လပ်ရေး နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပုဂံယဉ်ကျေးမှုအမွေအနှစ် ဒေသ၌ တည်ဆောက်ပြီးစီးသွားသော မဟာ ရာဇသိရီ အနိရုဒ္ဓဒေဝ အနော်ရထာ မင်းတရားကြီး၏ သိရီဇေယျာဘူမိ ပုဂံရွှေနန်းတော်ကြီးကို တွေ့ရစဉ်။
(သတင်းစဉ်)

နှစ် (၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆို ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသ၌ သိရီဇေယျာဘူမိ ပုဂံရွှေနန်းတော်ကြီးဖွင့်ပွဲကျင်းပ



နေပြည်တော် ဇန်နဝါရီ ၂

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသ၌ တည်ဆောက်ပြီးစီးသွားသော မဟာရာဇသိရီ အနိရုဒ္ဓဒေဝ အနော်ရထာမင်းတရားကြီး၏ သိရီဇေယျာဘူမိ ပုဂံရွှေနန်းတော်ကြီး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်း ညောင်ဦးမြို့ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အဆိုပါပုဂံရွှေနန်းတော်ကြီး၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနနှင့် အနုပညာဦးစီးဌာန တို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ညောင်ဦးခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အနုပညာဦးစီးဌာနမှ မင်္ဂလာဆိုင်းနှင့် စည်တော်အဖွဲ့၊ စောင်းတူရိယာအဖွဲ့၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သည့် အနော်ရထာမင်းမြတ်၏ ရွှေနန်းတော်ပြန်လည်တည်ဆောက်ရခြင်းနှင့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုဖွင့်လှစ်ရခြင်းတို့ကို ရှင်းလင်းပြောကြားပြီး မင်္ဂလာအချိန် နံနက် ၉နာရီတွင် ပုဂံရွှေနန်းတော်ကြီးကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေက ပုဂံရွှေနန်းတော်ဖွင့်ပွဲ မော်ကွန်းကမ္ပည်းကြေးပြားကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးများနှင့် ဧည့်သည်တော်များက ကမ္ပည်းမော်ကွန်းကြေးပြားကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြကာ ပုဂံရွှေနန်းတော်ကြီးကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ပုဂံရွှေနန်းတော်ကြီးဖွင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်းက ပုဂံရွှေနန်းတော်ကြီး တည်ဆောက်မှုနှင့် ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေကိုရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ထူးထရေးဒင်းကုမ္ပဏီက တိုင်းမှူး၊ ဝန်ကြီးများနှင့် ဧည့်သည်တော်များအား ပုဂံရွှေနန်းတော်ကြီး ဖွင့်ပွဲအထိမ်းအမှတ် ဂုဏ်ပြု လက်ဆောင်များကိုပေးအပ်ပြီး **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ➪

လွတ်လပ်ရေးနေ့ နိုင်ငံတော် အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇန်နဝါရီ ၂

၂၀၀၈ခုနှစ် ဇန်နဝါရီ ၄ ရက်တွင်ကျင်းပမည့် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ နိုင်ငံတော် အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကျင်းပပုံများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ယင်းနေ့နံနက် ၆ နာရီ ၄၅ မိနစ်မှစတင်ပြီး အခမ်းအနားကျင်းပရာ နေပြည်တော်မြို့တော်ခန်းမရင်ပြင်မှ တိုက်ရိုက်ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)